www.burmeseclassic.com

# MaO'Sar

# ဓးရှင်း

BURMESE CLASSIC .com

ပန်းကိုးသွင်
ပဲသျှောက်တိုက်

www.burmeseclassic.com

www.burmeseclassic.com

# မအိုစာ

## မီးစုန်း


ထုတ်ဝေသူ – ဦးကျော်ဆန်း (ရဲဘော်ကျော်ဆန်း)
(မြဲ–၀၉၃၂) ရဲအောင်စာပေတိုက်
အမှတ် (၂)၊ ချွန်းလမ်း (၁)၊
မင်္ဂလာတောင်ညွန့်မြို့နယ်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ – ဦးကျင်ရင် (မြဲ–၀၅၄၁၇)
ရွှေခြသေ့်ပုံနှိပ်တိုက်
အမှတ် (၂၀၈)၊ (၃၁) လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေခြင်း – ပထမအကြိမ်
၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀၀ ကျပ်

ဖြန့်ချိရေး – ရွှေမင်းသမီးစာပေ၊
ဖုန်း – ၀၉၄၃၀၃၃၁၅၂၊ ၀၁–၄၀၀၆၄၅

၈၉၅–၈၃
မအိုစာ
မီးစုန်း / မအိုစာ – ရန်ကုန် ။
ရဲအောင်စာပေ၊ ၂၀၁၃
၁၈၄ စာ၊ ၁၃ . ၂၁ x ၂၀ . ၈၃ စင်တီ၊
(၁) မီးစုန်း


BURMESE CLASSIC .com

# မီးစုန်း

## မအိုစာ

www.burmeseclassic.com

www.burmeseclassic.com

## ထွက်ရှိပြီးစာအုပ်များ


၁။ ခေါ်ဘယ်စ်တဲ့ည
၂။ မလှစွန်းယိုး
၃။ အရှင်လတ်လတ်
၄။ ကနားစီးဒေဝါ
၅။ ခေါင်းတလားရာဇာ
၆။ နတ်ကဝေမယ်
၇။ ပျဉ်ထောင်ကတော်နတ်
၈။ ပုဏ္ဏပျံစံအိမ်
၉။ ခုတင်နံပါတ် ၃၁
၁၀။ ဘုံစာကျွေးတဲ့နေ့
၁၁။ နတ်ကျားဝိညာဉ်
၁၂။ မာတင်
၁၃။ ဘီလူးနက္ခတ်
၁၄။ မိုးကြိုးအလောင်း
၁၅။ နှစ်ဘဝရွှေသိုက်
၁၆။ မိုးနတ်ဒေဝီ
၁၇။ ကျိန်
၁၈။ မရဏာစာရွက်
၁၉။ မိစ္ဆာအိုး
၂၀။ လေးကျွန်းမှော်
၂၁။ ရဲမက်တစ္ဆေ
၂၂။ ရွှေတောင်ရှာသူ မချမ်းသာ
၂၃။ ပတ္တမြားဝိညာဉ်
၂၄။ မိမိလေး
၂၅။ နှစ်တစ်ရာဂူသချိုင်း
၂၆။ နတ်ကိုးကြိမ်
၂၇။ ဝိညာဉ်မှတ်တမ်း
၂၈။ ရွှေမျက်နှာရှင်သခင်မ
၂၉။ အလောင်းကောင်


ယခု အုပ် (၃၀) မြောက်

**မီးစုန်း**

www.burmeseclassic.com

www.burmeseclassic.com

**မအိုစာ**

စာတိုက်သေတ္တာအမှတ် (၁၉၇)

ရန်ကုန်မြို့။

အကြံပြုစာ ရေးသားပေးပို့သူ ပရိသတ်အားလုံးကို
လက်မှတ်ထိုးထားသောစာအုပ်လက်ဆောင်များ
ပြန်လည်ပေးပို့လျက်ရှိပါတယ်။

BURMESE CLASSIC .com

# အပိုင်း (၁)

www.burmeseclassic.com

www.burmeseclassic.com

(ဝငြေ၅ . . .ချွန်မီ)

မှောင်မိုက်တဲ့ ညတစ်ညမှာ ... လူနှစ်ယောက်က အမှောင်ထုထဲ တရိပ်ရိပ်ပြေးလွှားနေကြတယ်။

အုံ့ဆိုင်းနေတဲ့ ညောင်မှတ်ဆိတ်ပင်ကြီးတစ်ပင်အောက် ရောက်တဲ့အခါ တစ်ယောက်က အရှိန်လျော့သွားပြီး အလွန်ပင် ပန်းမောလျှပ်နဲ့ ထိုင်ချလိုက်တယ်။



"အမယ်လေး ... ကျွတ် ... ကျွတ်၊

ကိုကြည်သိန်းရယ် ... ကျုပ် ... ကျုပ်

မပြေးနိုင်တော့ဘူးတော့၊

တအားမောနေပြီ၊ ဗိုက် ... ဗိုက်ထဲကလည်း

ပိုနာလာတယ်၊

အမယ်လေး ... အမယ်လေး"

မိန်းမဖြစ်သူထံမှ ကြားရတဲ့အသံကြောင့် ကိုကြည်သိန်း တစ်ယောက် အကြီးအကျယ် တုန်လှုပ်သွားတယ်။

သူကိုယ်တိုင်လည်း တအား မောလျှနေပြီဖြစ်တဲ့အတွက် ခေါင်းပေါင်းစကို ဖြုတ်ပြီး ချွေးစေးတွေကို သုတ်လိုက်တယ်။

ပြီးတော့ ...

ကိုယ်ဝန်လရင့်နေတဲ့ မိန်းမဖြစ်သူရဲ့ဗိုက်ပေါ် လက်တင်ရင်း ...

"ခင်သက်ရယ် ... နင် အားတင်းထားပါဟာ၊

ငါတို့ အခု ညောင်ပင်တန်းကို ရောက်နေပြီ၊

www.burmeseclassic.com

www.burmeseclassic.com



ဒီညောင်ပင်တန်းကျော်ရင် ရွာရှိတယ်ဟ၊

နှင် ... နှင် ... ခွဲမလွှာနဲ့နော်၊

ခဲဘ်ကိုတင်းထား၊ မ ... မမွေးနဲ့ဦးနော် ခင်သက်"

လို့ စိုးရိမ်တကြီး ပြောလိုက်တယ်။

မခင်သက်ဟာ နှုတ်ခမ်းကို ဖိကိုက်ရင်း စုတ်သပ်ညည်း

ညူနေရာက ...

"မ ... မရတော့ဘူး ကိုကြည်သိန်းရဲ့၊

ကျုပ် ... ကျုပ် မွေးချင်နေပြီထင်တယ်၊

လုပ် ... လုပ်ပါဦး"

လို့ ရေရွတ်လိုက်တဲ့အခါ ကိုကြည်သိန်းတစ်ယောက်

ခေါင်းနားပန်းကြီးသွားတယ်။

"ဟာ ... မမွေးနဲ့၊ ငါ ... ငါ ... ဘာမှမလုပ်တတ်ဘူးဟ၊

လာ ... လာ ... ငါတို့ အရှေ့နားက ရွာကိုရောက်မှ

ဖြစ်မယ်၊

နင် ငါ့ကို မှီပြီးလိုက်ခဲ့၊ နော် ... မိန်းမ"

ဒီနောက်မှာတော့ ကိုကြည်သိန်းဟာ မိန်းမဖြစ်သူကို



ဖေးမတွဲကူရင်း တရွေ့ရွေ့ လျှောက်ခဲ့ကြတယ်။

ညောင်မှတ်ဆိတ်ပင်တန်းကြီးကို ကျော်ပြီးတဲ့အခါ သူ

တို့ဟာ ကွင်းပြင်ကြီးတစ်ခုထဲ ရောက်သွားကြတယ်။

ပတ်ဝန်းကျင်တစ်ခုလုံး လရောင်မမြင်နိုင်လောက်

အောင် မှောင်မည်းနေတယ်။

မှောင်ကြီးမည်းထဲ ကွင်းပြင်ကြီးကို ဖြတ်နေတယ်ဆိုတဲ့

အသိစိတ် ...

တဖေ့ဖေ့တိုက်ခိုက်နေတဲ့ လေပြင်းတွေနဲ့အတူ ....

မခင်သက်တစ်ယောက် ချွေးတဒီးဒီးကျနေရာက

ကြောက်စိတ်ကြီးစိုးသွားမိတယ်။

ဖျဉ်းခနဲ ထ,သွားတဲ့ ကြက်သီးတွေကြောင့် ယောကျ်ား

ဖြစ်သူရဲ့လက်ကို ပိုမိုတင်းကျပ်စွာ ဆုပ်ကိုင်လိုက်မိတယ်။

"ကို ... ကိုကြည်သိန်း ...

ကျုပ် ... ကျုပ် ... ကြောက်လိုက်တာတော့၊

အခု ... ကျုပ်တို့ဖြတ်နေတာ ကွင်းဟောင်းကြီး

မဟုတ်လား၊

www.burmeseclassic.com

www.burmeseclassic.com



ဒီ — ဒီလိုနေရာမျိုးက ကျွတ်တွေ့၊

နာနာဘာဝတွေ ကြီးစိုးတတ်တဲ့ ဖုန်းဆိုးမြေကြီးပဲ၊

ပြီးတော့ ... ကျုပ် ... ကျုပ်က ...

ဗိုက်ကြီးသည် ...”

မခင်သက်ရဲ့ စကားမဆုံးမီဘဲ ကိုကြည်သိန်းက ဖက်ထားတဲ့ သူမရဲ့ပခုံးကို တင်းကျပ်စွာ ဆုပ်ကိုင်လိုက်ရင်း ...

“ဘာတွေတွေးနေတာလဲ မိန်းမရယ်၊

အရေးကြီးတာက ရွာကို အမြန်ရောက်ဖို့ပဲ

မဟုတ်လားကွ၊

ဒါမှ ... မင်း မြန်မြန်မွေးလို့ရမှာ၊

မဟုတ်တာတွေ လျှောက်မတွေးစမ်းနဲ့၊

ဟာ ခင်သက် ... ဟိုးရှေ့မှာ ကြည့်စမ်း”

ကိုကြည်သိန်း အဝေးမှာမြင်နေရတဲ့ မှိန်ပျပျမီးရောင်လေးကို ညွှန်ပြရင်း ဝမ်းသာအားရ ရေရွတ်လိုက်တယ်။

မခင်သက်တစ်ယောက် ထိုနေရာကို အားတက်သရော လှမ်းကြည့်ရင်း မျက်နှာကွက်ခနဲ ပျက်သွားတယ်။



ပြီးတော့ ... လေသံတိုးတိုးနဲ့ ...

“ကျုပ်ထင်တာ မှန်နေပြီ၊

ဒါ ... ဒါ ... ပရနယ်မြေပဲ၊

ကျုပ် ... ကျုပ်တို့ကို ကျွတ်တွေ လှည့်စားတော့မယ်၊

နောက် ... နောက်ပြန်လှည့်ရအောင်တော့”

လို့ ကတုန်ကယင် ပြောလိုက်တယ်။

ကိုကြည်သိန်းတစ်ယောက် မှိန်ဖျဖျ မီးရောင်လေးကို ငေးကြည့်ရင်း ...

“အာ ... မင်းထင်သလို မဟုတ်နိုင်ပါဘူး

ခင်သက်ရာ၊ အဲဒါ ရွာပဲဖြစ်ရမယ်ကွ၊

ငါက တောထဲမှာပဲနေ, တောထဲမှာပဲ သစ်ခုတ်ခဲ့ပေမယ့်

ငါ ငယ်ငယ်တုန်းက ဒီဘက်ကို တစ်ခါရောက်ဖူးတယ်၊

နင် ဘာမှမကြောက်နဲ့ ခင်သက်၊

အဲဒါ လူနေတဲ့ ရွာကြီးပဲဟ၊

ခပ်သွက်သွက်လေး လျှောက်ရအောင်ဟ”

လို့ ပြောလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ခင်သက်တစ်ယောက် လရင့်နေတဲ့ ဗိုက်ကို လက်နဲ့ဖိရင်း ကြိုးစားလျှောက်လိုက်တယ်။

သူ့မစိတ်ထဲမှာတော့ ဝေဒနာထက် ကြောက်စိတ်က ပိုမိုကြီးစိုးနေတဲ့အတွက် မျက်နှာလေး ငယ်နေသလို တစ်ကိုယ်လုံးဆတ်ဆတ်တုန်နေမိတယ်။

❒ ❒ ❒

"မခင်သက်တို့ ဘယ်ရောက်သွားမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၂)

‘ဂျိန်း ... ဂျိန်း ... ဖျပ်’

ကျယ်လောင်လှတဲ့ မိုးခြိမ်းသံနဲ့အတူ လျှပ်စီးတွေ ဖျတ် [illegible] လက်သွားတယ်။

မခင်သက်ရဲ့ ‘အမယ်လေးတော်’... လို့ အထိတ်တလန့် ...တ်သံနဲ့အတူ မိုးပေါက်တွေ တဖွဲဖွဲကျလာတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကိုကြည်သိန်းဟာ မိန်းမဖြစ်သူရဲ့ ပခုံးကို တင်းကျပ်စွာ ဖက်ထားရင်း ခြေလှမ်းကို အရှိန်မြှင့်လိုက်တယ်။

၎င်းတို့ ကွင်းပြင်ကြီးရဲ့အဆုံးကို ရောက်ရှိသွားချေ...တယ်။

"မ ... မရတော့ဘူး ကိုကြည်သိန်း၊

ကျုပ် ... ကျုပ် အရမ်းနာလာပြီ၊

အ ... အမယ်လေး ... ကျွတ် ... ကျွတ်"

မိန်းမဖြစ်သူရဲ့ ရေရွတ်သံကြောင့် ကိုကြည်သိန်းတ... ယောက် ဘာလုပ်ရမှန်းမသိအောင် ဖြစ်သွားတယ်။

တဖျပ်ဖျပ်လက်နေတဲ့ လျှပ်စီးရောင်အောက် လှမ်းမျှော်... ကြည့်လိုက်တဲ့အခါ ခုနက မြင်ရတဲ့ မှိန်တုတ်တုတ်မီးရောင်... နီးကပ်လာတာ တွေ့ရတယ်။

ဒါကြောင့် သူ အားတက်သွားပြီး ...

"ဟာ ... မိန်းမရေ ... ငါတို့ ရွာကို ရောက်ပြီကွ၊

ဟိုမှာတွေ့လား၊ ခြံဝင်းကြီးတစ်ခုထဲက မီးလင်း...

နေတာ၊ ဝမ်းသာဖို့ ကောင်းလိုက်တာကွာ၊

ဒါဟာ တို့ကို ဘုရားမတာပဲကွ၊



လာ ... လာ ... မြန်မြန်သွားရအောင်"

လို့ ဆော်ဩရင်း ခပ်သုတ်သုတ်လျှောက်ဖို့ ပြင်လိုက်...

မခင်သက်တစ်ယောက် ၎င်းတို့ ရပ်နေရာနဲ့ ဝါးသုံးရိုက် ...ယောက်အကွာမှာ မြင်နေရတဲ့ မီးရောင်ကို လှမ်းကြည့်ရင်း ခေါင်းသွက်သွက်ခါအောင် ခါယမ်းလိုက်တယ်။

"မ ... မရတော့ဘူး ကိုကြည်သိန်း၊

ကျုပ် ... ကျုပ် လမ်းလျှောက်မရတော့ဘူး၊

အ ... အမယ်လေး ... နာတယ် ... နာတယ်၊

အမေ့ ကယ်ပါဦးတော့်"

သူမ နှုတ်က ညည်းညူရင်း မြေပြင်ပေါ် ထိုင်ချလိုက် ...တယ်။

ကိုကြည်သိန်းတစ်ယောက် လျှပ်စီးလက်နေတဲ့ ကောင်း ...င်ပြင်ကို မော်ကြည့်လိုက်တယ်။

သည်းထန်လာတဲ့ မိုးစက်တွေ ...

မိုးရေထဲ အော်ဟစ်ညည်းညူနေရှာတဲ့ မခင်သက်။

www.burmeseclassic.com

www.burmeseclassic.com



ကိုကြည်သိန်းဟာ မီးရောင်မြင်ရတဲ့နေရာကို အကြ
ရောက်သွားရင်း ...

"ခင်သက် ... ငါ မီးရောင်မြင်ရတဲ့နေရာကို
သွားပြီး အတူအညီ သွားတောင်းကြည့်မယ်၊
နင် ဒီမှာပဲ ခဏနေ ... ကြားလား"

လို့ ပြောဆိုပြီး အပြေးတစ်ပိုင်း ထွက်သွားတယ်။

"ကိုကြည်သိန်း ... ကျုပ် ကြောက်တယ်၊
အား ... ကျွတ် ... ကျွတ် ... နာလိုက်တာ၊
ကိုကြည်သိန်း"

မခင်သက်ဟာ တတွတ်တွတ်ရေရွတ်ရင်း ကျန်ရစ်ခဲ့တယ်။

ကိုကြည်သိန်းဟာ ယိုင်နဲ့ကျိုးပျက်နေတဲ့ ခြံစည်းရိုး ကျော်ခွရင်း မီးရောင်လက်နေတဲ့ နေရာဆီ ပြေးလွှားသွားတယ်။

"အိမ်ရှင်တို့ ... ဗျို့ ... အိမ်ရှင်တို့ ...
ကျုပ်တို့ ဒုက္ခရောက်လာလို့ပါ၊ အိမ်ရှင်တို့"



သူဟာ ထိုသို့အော်ဟစ်ရင်း လျှပ်စီးရောင်အောက် မြင်ရတဲ့ အိမ်ကြီးဆီ ချဉ်းကပ်သွားမိတယ်။

အိမ်ကြီးရဲ့ တံခါးဝရောက်ကော့ ...

'ဂျိမ်း ... အုန်း ... အုန်း'

ဆိုတဲ့ မိုးခြိမ်းသံကြီးကို နားကွဲမတတ် ကြားလိုက်ရတယ်။

ကိုကြည်သိန်းဟာ အိမ်တံခါးကို ခေါက်ဖို့အတွက် ဖိနပ်ချွတ်ကာ လှေကားထစ်ကို တက်နင်းလိုက်တယ်။

ဒီအချိန်မှာပဲ ...

'ဂျွတ်'

ခနဲ အသံနဲ့အတူ ...

"အောင်မယ်လေးဗျ ... အိမ်ပြိုပြီထင်ပါ့"

ကိုကြည်သိန်းဟာ အထိတ်တလန့် ရေရွတ်ရင်း အိမ်တံခါးကို လက်ထောက်မိသွားတယ်။

လက်ထောက်မိလိုက်တဲ့အတွက် တံခါးကို ဆောင့်တွန်းလိုက်သလို ဖြစ်သွားပြီး ...

www.burmeseclassic.com

www.burmeseclassic.com



'ဝုန်း'

ခနဲ တံခါးပွင့်သွားတယ်။

ဝုန်းခနဲအသံနဲ့အတူ ထောင်းခနဲ နှာခေါင်းထဲဝင်လာတဲ့ အပုပ်နံ့လို အနံ့ဆိုးကြီး။

သူဟာ လေးဖက်ထောက်လျက်သား လဲကျနေရာက ဝေါ့ခနဲ ပျို့တက်လာတယ်။

"ဝေါ့ ... ဆိုးလိုက်တဲ့ အနံ့ကြီးပါလား၊

ဒီ ... ဒီနေရာမှာ လူရောနေရဲ့လား"

အတွေးနဲ့အတူ သူဟာ လဲနေရာက ထဖို့ ပြင်လိုက်တယ်။

ဒီအချိန်မှာပဲ ...

'ဒေါက် ဒေါက် ... ဒေါက် ဒေါက်'

ရုတ်တရက် ကြားလိုက်ရတဲ့ အသံကြောင့် သူ့မျက်လုံးတွေ အမှောင်ထဲမှာ ရာဖွေမိသားဖြစ်သွားတယ်။

ပုပ်အဲ့အဲ့အနံ့ဆိုးကြီးနဲ့အတူ ဖုန်တွေက အလိပ်လိုက် နှာခေါင်းထဲ တိုးဝင်လာတယ်။

အပြင်မှာ ရွာနေတဲ့ မိုးသံထိတ်သွားသလို တဒေါက်ဒေါက်အသံကြီးကပါ ရုတ်ခြည်း ပျောက်ကွယ်သွားတယ်။

ကိုကြည်သိန်းတစ်ယောက် မှောင်မည်းနေတဲ့ ပတ်ဝန်းကျင်ထဲ မျက်လုံးဝေ့ကြည့်ရင်း ကြောက်လန့်စိတ်တွေ ကြီးစိုးလာတယ်။

ဒီအချိန်မှာပဲ ...

"ဘာ ကြောင့် ... ကျုပ် အိမ် ထဲ ကို

ကျူး ကျော် လာ သ လဲ"

တိတ်ဆိတ်မှုကို ကြီးစိုးသွားတဲ့ ခြောက်ကပ်အက်ကွဲသံကြီးကြောင့် သူဟာ လိပ်ပြာလွင့်မတတ် လန့်ဖျပ်သွားတယ်။

ကိုကြည်သိန်းတစ်ယောက် ကြောက်စိတ်ကို အားတင်းရင်း ...

"ကျုပ် ... ကျုပ် လူကောင်းပါဗျာ၊

ကျုပ်တို့ အကူအညီတောင်းချင်လို့ပါ၊

အ ... အန္တရာယ်ပြုဖို့ မဟုတ်ပါဘူးဗျာ"

လို့ တုန်ယင်သံနဲ့ ဖြေလိုက်မိတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူ့စကားသံဆုံးတော့ တစ်အိမ်လုံး တိတ်ဆိတ်သွားပြန်တယ်။

'ဂျမ်း ... ဂျိမ်း ... ဂျမ်း ... ရှဲ'

မီးခြစ်ဆံဘူးခြစ်သံနဲ့အတူ သူ့မျက်နှာရှေ့ အလင်းရောင်သဲ့သဲ့ ထွက်ပေါ်လာတယ်။

အလင်းရောင်က တဖြည်းဖြည်း ပီပြင်လာတဲ့အခါမှာတော့ ကိုကြည်သိန်းတစ်ယောက် အသက်ရှူရပ်မတတ် ထိတ်လန့်သွားပြီး ...

"အား" ခနဲ ငယ်သံပါအောင် အော်ဟစ်လိုက်တယ်။

ပြီးတော့ ... နောက်ပြန်လှည့်ပြေးဖို့ ပြင်လိုက်မိတယ်။

ဒီအချိန်မှာပဲ သူ့လက်တစ်ဖက်ကို သန်မာတဲ့ လက်တစ်ဖက်က ဆတ်ခနဲ ဆောင့်ဆွဲထားလိုက်တယ်။

ပြီးတော့ ... ခြောက်ကပ်အက်ကွဲကွဲ အသံကြီးက ဟိန်းထွက်လာတယ်။

"မ ... သွား ... နဲ့"

❒❒❒

"ကိုကြည်သိန်း သေကိုဆွဲတာ ဘယ်သူလဲ?"

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၃)

"ဪမြယ်လေးဗျ...

သရဲ ... သရဲ ... ဆွဲနေပြီ၊

ဆွဲနေပြီ ... ဆွဲနေပြီဗျ"

ကိုကြည်သိန်းက သွေးရူးသွေးတန်း အော်ဟစ်ရင်း သူ့ရဲ့လက်က လွတ်ဖို့ အကြောက်အကန် ရုန်းကန်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

ဒီအချိန်မှာပဲ အိမ်ကြီးတစ်ခုလုံး မီးရောင်တွေ လင်းထိန်သွားတယ်။

"ခင်ဗျား ... ကျုပ်မျက်နှာကို ကြည့်စမ်း"

ကြောက်မက်ဖွယ်အသံကြီးကြောင့် ကိုကြည်သိန်းက မျက်လုံးစုံမှိတ်ရင်း ခေါင်းကို ပြုတ်ထွက်မတတ် ခါယမ်းလိုက်မိတယ်။

"ကြောက်တယ် ... ကြောက်တယ်၊
သွားခွင့်ပေးပါ၊ သွားခွင့်ပေးပါ ခင်ဗျ"

ကိုကြည်သိန်းရဲ့ ကြောက်လန့်တကြီးသံနဲ့အတူ ...

"ခင် ... ဗျား ... က ကျုပ်ကို သရဲထင်သလား"

ကြောက်မက်ဖွယ်အသံကြီးက ထွက်ပေါ်လာပြီး သူ့လက်ကို ပိုမိုတင်းကျပ်စွာ ဖျစ်ညှစ်လိုက်သလို ခံစားလိုက်ရတယ်။

"အောင်မယ်လေးဗျာ ...
မ ... မထင်ရဲပါဘူး၊ သွားပါရစေခင်ဗျ၊
တောင်းပန်ပါတယ် ... တောင်းပန်ပါတယ်၊



သွားခွင့်ပေးပါ ခင်ဗျ ... ကျုပ် ... ကျုပ်မိန်းမ
ဗိုက်ကြီးနဲ့ပါ ခင်ဗျ ... တောင်းပန်ပါရဲ့ဗျာ"

ကိုကြည်သိန်းတစ်ယောက် မျက်လုံးစုံမှိတ်လျက် ငိုသံကြီးနဲ့ တောင်းပန်လိုက်တယ်။

"ဟုတ်တယ် ... ကျုပ်က သရဲ၊
သရဲပေးတဲ့ အကူအညီကို
ခင်ဗျား ... လက်ခံရမယ်၊
ဘယ်မလဲ ... ခင်ဗျားမိန်းမ"

ကြောက်စရာအသံကြီးရဲ့ အပြောကြောင့် သူ့ခေါင်းတစ်ခုလုံး မိုးကြိုးပစ်ချခံရသလို တုန်လှုပ်သွားတယ်။

"ဘုရား ... ဘုရား ...
မကောင်းဆိုးဝါးက ငါ့မိန်းမကို မေးနေပြီ၊
ငါ ... ငါတို့ကို ကုပ်ချိုးတော့မယ် ထင်ပါ့၊
မဖြစ်ဘူး ... ငါ ပြောလို့မဖြစ်ဘူး"

အတွေးနဲ့အတူ သူ့မျက်နှာတစ်ခုလုံး ဇောချွေးတွေ ယိုစီးကျလာတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... လို့ ... မဖြစ်ရမှာလဲ၊

ဒီ ... နေရာဟာ ဝင်ချင်တိုင်း ဝင်ရတဲ့

နေရာမဟုတ်ဘူး၊

ဘယ် ... မ ... လဲ ဗိုက်ကြီးသည်"

ထပ်မံထွက်ပေါ်လာတဲ့ အသံကြီးကြောင့် သူ ဆတ်ခနဲ တုန်သွားတယ်။

ဟင် ... ငါ့စိတ်က တွေးတာကို

မကောင်းဆိုးဝါးကြီး သိနေပါလား။

ငါ့ဘိုးဘွားတွေ ပြောဖူးတယ်၊

မကောင်းဆိုးဝါးတွေဟာ ကမ္ဘဇိဒ္ဓိရှိတယ်တဲ့။

ဒါ ... ဒါဆို ... ငါမပြောလည်း ငါ့မိန်းမ

ရှိတဲ့နေရာကို ဒင်း သိနိုင်တာပဲ။

ငါ ဘာလုပ်ရမလဲ ... ဘာ ... ဘာလုပ်ရမလဲ။

သူ အတွေးမဆုံးခင်ဘဲ သူ့ရဲ့လည်ကုပ်ပေါ်ကို လက်ဖဝါးကြီးက ဆတ်ခနဲ ကျလာတယ်။

"အောင်မယ်လေးဗျ၊



မလုပ်ပါနဲ့ ... ကျုပ်ကို မသတ်ပါနဲ့၊

ကျုပ်မိန်းမ ကွင်းစပ်မှာ လဲနေပါတယ်၊

မလုပ်ပါနဲ့ ... မလုပ်ပါနဲ့"

ကိုကြည်သိန်းရဲ့ တုန်လှုပ်တကြီး တောင်းပန်သံနဲ့အတူ

"သွား ... စမ်း ... ရှေ့က သွား"

သန်မာတဲ့ လက်ကြီးက သူ့ကျောကို ဆောင့်တွန်းလိုက်တယ်။

ကိုကြည်သိန်းဟာ အသက်ထွက်မတတ် ကြောက်ရွံ့မှုတွေနဲ့အတူ ကတုန်ကယင်ခြေလှမ်းနဲ့ အပြေးတစ်ပိုင်း သွားလိုက်မိတယ်။

သူ့ရဲ့နောက်မှာတော့ ထူးဆန်းစွာပဲ ခြေသံတွေ အများကြီး ကပ်လိုက်လာသို ခံစားလိုက်ရတယ်။

□□□

www.burmeseclassic.com

www.burmeseclassic.com

"ယံရဲ့က ရုဏ်ဦးကို တာလည့်ပြီးမှာလဲ?"

# အပိုင်း (၄)

www.burmeseclassic.com

www.burmeseclassic.com



# "ကိုကြည်သိန်းရေ...

ကိုကြည်သိန်းရဲ့ ... သေရွာများသွားသလားတော့

ကျုပ်အောက်မှာ ကလေးထွက်နေပြီထင်ပါ့၊

အမယ်လေး ... ကယ်ကြပါ၊ ကယ်ကြပါဦး၊

ကိုကြည်သိန်း ... ကိုကြည်သိန်း ...

အား ... အား ... အား"

မခင်သက်တစ်ယောက် မြေပေါ်လူးလိမ့်ရင်း အသက်ကုန်မတတ် အော်ဟစ်နေရှာတယ်။

မိန်းမဖြစ်သူရဲ့အသံကြောင့် ကိုကြည်သိန်းတစ်ယောက်ပျော့မတတ် ထိတ်လန့်သွားပြီး ...

"ခင်သက်ရေ ... ခင်သက် ...

ငါလာပြီ ... မင်း ဘာမှမဖြစ်စေရဘူး"

လို့ အော်ဟစ်ရင်း ထိုနေရာကို ပြေးသွားတယ်။

အနားရောက်တဲ့အခါ လူးလိမ့်အော်ဟစ်နေရှာတဲ့ မခင်သက်ကို ထွေးပွေ့ဖို့ ပြင်လိုက်တယ်။

ဒီအချိန်မှာပဲ လက်ကြမ်းကြီးက သူ့ကို ဆောင့်တွန်းလိုက်တဲ့အတွက် သူဟာ မြေပေါ်လဲကျသွားရတယ်။

"သုံး ... လောင်း ... ပြိုင် ... အသုဘ

ဖြစ်သွားချင်သလား ... ငြိမ် ... ငြိမ် ... နေ ... စမ်း"

ကြောက်မက်ဖွယ်အသံကြီးရဲ့ အဆုံးမှာ... မီးတုတ်အလင်းရောင်တွေ လင်းထိန်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



အလင်းရောင်ရဲ့အောက်မှာ မြင်လိုက်ရတာက ...

ကြောက်မက်ဖွယ်အဆင်းရှိတဲ့ မျက်နှာကြီးသုံးခု။

မျက်နှာကြီးသုံးခုဟာ မခင်သက်ရဲ့ဘေးမှာ ဝိုင်းအုံပြီး လက်တွေ လှုပ်ရှားနေကြတယ်။

ကိုကြည်သိန်းတစ်ယောက် အသက်ထွက်မတတ် ကြောက်ရွံ့စိတ်၊

မိန်းမအတွက် စိုးရိမ်စိတ်တွေနဲ့ ကမ္ဘာပျက်မတတ် ချောက်ချားနေရပြီ။

မီးတုတ်အလင်းရောင်အောက် မခင်သက်ရဲ့ ကိုယ်ပေါ် အုပ်မိုးကျနေတဲ့ လှုပ်ရှားနေတဲ့ အရိပ်ကြီးသုံးခု ...

၎င်းအရိပ်ကြီးသုံးခုရဲ့ကြား လက်ခနဲ မြင်လိုက်ရတာ ဓားတစ်ချောင်း။

"ဟင် ... ဓား ... ဓားကြီးပါလား၊

မ ... မကောင်းဆိုးဝါးတွေ ခင် ... ခင်သက်ကို

ကလီစာ ဖောက်စားတော့မယ် ထင်ပါ့၊

အ ... အဖြစ်ဆိုးလိုက်တာ ခင်သက်ရယ်၊





ငါ့ ... ငါ့ကို ခွင့်လွှတ်ပါ၊

ငါ့ ... ငါ့ကြောင့် မင်း သေရတော့မယ်၊

တကယ်ဆို မင်းစကားကို ငါက နားထောင်ခဲ့ သင့်တယ်၊

ဒီ ... ဒီနေရာဟာ တကယ့်ကို ဖုန်းဆိုးမြေကြီးပဲ၊

ငါ ... ငါ ... ဘယ်လိုဖြေရမလဲ ခင်သက်ရယ်၊

ဟီး ... ဟီး ... ဟီး ... ဟီး ... ဟီး"

ကိုကြည်သိန်းတစ်ယောက် မျက်နှာကို လက်ဝါးအုပ်ပြီး ရှိုက်ငိုချလိုက်တယ်။

ဒီအချိန်မှာပဲ ...

"အဲ ... အဲ ... အဲ ... အဲ့ ... အဲ့"

ဆိုတဲ့ ကလေးငိုသံကို ကြားလိုက်ရတယ်။

အသံကြောင့် ကိုကြည်သိန်းရဲ့ခေါင်းတွေ ဆတ်ခနဲ ထောင်သွားတယ်။

ဇဝေဇဝါဖြစ်စိတ်တွေနဲ့ ငေးစိုက်ကြည့်နေတုန်းမှာပဲ အရိပ်မည်းကြီးတွေက မတ်တတ်ထရပ်လိုက်တာ တွေ့လိုက်

www.burmeseclassic.com

www.burmeseclassic.com



ရတယ်။

ဆောင်ထောင်မောင်းမောင်း အရိပ်ကြီးရဲ့လက်မှာ

ခင်သက်တို့ တွေ့ချိလျက်သား။

ကိုကြည်သိန်းဟာ ကြောင်အမ်းမှင်တက်ကြည့်မိစဉ်

ဝဲ အရိပ်ကြီးတွေက လှုပ်ရှားသွားကြတယ်။

"ဟာ ... ဘာ ... ဘာလုပ်တာလဲ၊

ခင် ... ခင်သက်ကို ဘယ်ခေါ်သွားမလို့လဲ၊

မလုပ်ကြပါနဲ့ဗျာ ... မလုပ်ကြပါနဲ့၊

ခင် ... ခင်သက် ... ခင်သက်"

ကိုကြည်သိန်းတစ်ယောက် တုန်လှုပ်တကြီး ရေ

ရင်း ၎င်းတို့နောက်ကို အရူးတစ်ယောက်လို အပြေးလိုက်သွ

မိတယ်။

ဝတ်ရုံလိုအရာတွေ ဝတ်ဆင်ထားတဲ့ အရိပ်ကြီးတွေ

မခင်သက်ကို သူတို့ရဲ့အိမ်ကြီးရှိရာ ဦးတည်ခေါ်သွားကြတ

"ကျုပ်မိန်းမကို ခေါ်မသွားပါနဲ့၊

မသွားပါနဲ့ ... တောင်းပန်ပါတယ်၊

ကျုပ်မိန်းမကို မသတ်ကြပါနဲ့၊

မသတ်ကြပါနဲ့ ... မသတ်နဲ့"

ကိုကြည်သိန်းဟာ မျက်ရည်တရွဲရွဲအမူအရာနဲ့ အရူးလို

ပြေးလိုက်သွားတယ်။

အရိပ်ကြီးတွေဟာ မခင်သက်ကို အပုပ်နံ့ထွက်တဲ့ အိမ်

ကြီးထဲ ခေါ်ဆောင်သွားကြချေပြီ။

စိုးရိမ်စိတ်၊ ကြောက်ရွံ့စိတ်တွေနဲ့ ကိုကြည်သိန်းတစ်

ယောက် ဆောက်တည်ရာမဲ့သွားတယ်။

အိမ်ကြီးရဲ့ရှေ့ရောက်တော့ ဖိနပ်ချွတ် လှေကားထစ်ကို

သွားခနဲ ခုန်တက်လိုက်တယ်။

'ဝုန်း'

ခနဲ အသံနဲ့အတူ သူ ပထမကျွံကျခဲ့တဲ့ အပေါက်ထဲကို

ခြေချော်ကျသွားတယ်။

သူ ပြန်ထဖို့ ကြိုးစားလိုက်ချိန်မှာပဲ သူ့ခေါင်းပေါ်

ကျောတဲ့ အရာတစ်ခု ပြုတ်ကျလာတယ်။

"အား"

www.burmeseclassic.com

www.burmeseclassic.com



ခမဲ့ ယေသံဝါအောင် အော်ဟစ်ပြီးချိန်မှာတော့ ကိုကြည်
သိန်းတစ်ယောက် လောကကြီးနဲ့ အဆက်ပြတ်သွားရှာတယ်။

□□□

"ကိုကြည်မှိုင်သိန်း သေပြီလား?"

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၅)

ဘာရိပြဿးကြီးသုံးခု . . . ခွေးသုံးကောင်။

သူရောက်ရှိနေတာက အလွန်နက်တဲ့ တွင်းနက်ကြီး တစ်ခုထဲ။

သွားရည်တမြားမြားကျနေတဲ့ ခွေးနက်တွေက မာန်ဖီ နေသလို ...।

www.burmeseclassic.com

www.burmeseclassic.com


အရိပ်မည်းကြီးတွေက သူ့အနီး အုပ်မိုးလာသလို ခံစား နေရတယ်။

ခွေးနက်ကြီးတွေဟာ သွားစွယ်ကြီးတွေနဲ့ ပါးစပ်ကို အဆမတန်ဟပြီး သူ့ကို ဟပ်ဖို့ပြင်လိုက်ချိန်မှာတော့ ...

"အား ... အား ... မလာနဲ့ ... မလာနဲ့ ...

ငါကြောက်တယ်၊ ကြောက်တယ်၊

အား ... အား ... အား"

ငယ်သံပါအောင် အော်ဟစ်ရင်း သူရုန်းကန်လိုက် တယ်။

"အ ... အမယ်လေး ... ငါ ... ငါ ...

ခင် ... ခင်သက် ... ခင်သက် ..."

ဗလုံးဗထွေးသံကြီးနဲ့ အော်ဟစ်ရင်း အားကုန် ကုန်းထ လိုက်မိတယ်။

မျက်လုံးဖွင့်ပြီး ပတ်ဝန်းကျင်ကို သတိပြုမိတဲ့အခါ အပုပ်နံ့ဆိုးကြီးကို အရင်ဆုံး သတိပြုလိုက်မိတယ်။

အိုမင်းဟောင်းနွမ်းနေတဲ့ အခန်းကြီးတစ်ခန်း။

သူရောက်နေတာက စုတ်ပြတ်ပေါက်ပြဲနေတဲ့ ဖျာကြမ်း တစ်ချပ်ပေါ်။

ဖုန်မှုန့်တွေက အခန်းအနှံ့ ဝဲပျံနေသလို။

သူ့မျက်နှာပေါ် ယှက်သန်းနေတဲ့ ပိုးအိမ်မျှင်တန်းတွေ။

ဆိုးရွားလွန်းလှတဲ့ အနံ့အသက်။

လေဝင်လေထွက်မရှိမှုတွေကြောင့် လည်ချောင်းယားပြီး အသက်ရှူကျပ်သလို ခံစားလာရတယ်။

ဒီအချိန်မှာပဲ ယိုင်ရွဲ့နေတဲ့ တံခါးရွက်ကြီးဟာ ပြုတ် ကျလုမတတ် လှုပ်ခါသွားပြီး ...

'ကျွီ' ခနဲ ပွင့်လာတယ်။

အလွန်တရာ ရုပ်ဆိုးပြီး မျက်နှာတစ်ပြင်လုံး ဖြူတ်ထ နေတဲ့ အဘွားအိုတစ်ဦး။

သူရှိရာ တရွေ့ရွေ့လျှောက်လာတယ်။

အနားရောက်တဲ့အခါ အဘွားအိုဟာ သူ့နံဘေးထိုင်ချ ပြီး ဒန်ချိုင့်တစ်လုံးကို လှမ်းပေးတယ်။

ကိုကြည်သိန်းက အဘွားအိုကို ငေးကြည့်ရင်း အကျည်း

www.burmeseclassic.com

www.burmeseclassic.com

တန့်တဲ့ မျက်နှာကြီးကြောင့် ရှုံ့ရှာသလို၊ ကြောက်ရွံ့သလိုကြီး ခံစားလိုက်ရတယ်။

"ခင် — ခင်ဗျား ဘယ်သူလဲ၊

ကျုပ် — ကျုပ်မိန်းမ ခက်သက်နဲ့ တွေ့ချင်တယ်၊

ခင်သက် ဘယ်မှာလဲ"

ကိုကြည်သိန်းရဲ့စကားကို ကြားတဲ့အခါ အဘွားအိုဟာ သူ့မျက်နှာကို စေ့စေ့ကြည့်ရင်း ...

"သူတော်ကောင်းရဲ့လက်ကို ရောက်ရင်

သူတော်ကောင်းပဲ ဖြစ်မှာပေါ့ မောင်ရယ်၊

ဘာကြောင့် ပူပန်နေသလဲကွဲ့"

လို့ အေးစက်စက်အသံနဲ့ ပြောလိုက်တယ်။

"ကျုပ် ... ကျုပ်မိန်းမ ဘယ်မှာလဲ၊

ကျုပ်ကလေး ... ကလေးရော ဘယ်မှာလဲ"

ကိုကြည်သိန်းရဲ့ အမေးကို အဘွားအိုက သူ့မျက်နှာကို စူးစူးရဲရဲကြည့်ရင်း ...

"လောကရဲ့ ဖြစ်ရိုးဖြစ်စဉ်က ...



ကမ္ဘာမီးလောင်ရင်တောင် ... သားကောင်ကို

ချနင်းခိုင်းကြသေးတာ၊

မင်းက ဘာကြောင့် ကိုယ့်အတွက် စိတ်မပူဘဲ

မိန်းမနဲ့ ကလေးအတွက် ပူပန်နေရသလဲကွဲ့"

လို့ မေးလာတယ်။

"ကျုပ် ... ကျုပ် မိန်းမရဲ့စကားကိုသာ

နားထောင်ခဲ့ရင် ခင်ဗျားတို့ရဲ့ဖုန်းဆိုးမြေကြီးဆီ

ရောက်လာခဲ့မှာ မဟုတ်ဘူး၊

ကျုပ်ဘဝမှာ ခင်သက်နဲ့ ကလေးလောက်

ဘယ်အရာမှ တန်ဖိုးမရှိဘူး၊

ကျုပ် ... ကျုပ် ... ခုချိန်မှာ ...

သတ္တိ ခွန်အားတွေ သိပ်ရှိနေပြီ၊

သူ ... သူတို့အတွက် ကျုပ် ... ကျုပ် —

ဘယ်အရာကိုမဆို စွန့်လွှတ်ဝံ့တယ်ဗျ"

ကိုကြည်သိန်းရဲ့ ကြေကွဲဆို့နင့်တကြီး ပြောလိုက်တဲ့စကားကြောင့် အဘွားအိုဟာ မျက်နှာ ကွက်ခနဲပျက်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့ … လေသံတိုးသံနဲ့

"ကျွန်ုပ်နာမည် ဒေါ်အိုစာပါ မောင်ရင်၊

ကျွန်ုပ်က ဟောဒီအိမ်ကြီးမှာ

လူယုံတော်တစ်ယောက်ပါပဲ၊

ကျုပ် မောင်ရင့်ရဲ့ မိန်းမနဲ့သွေးသားအပေါ်မှာ

ထားတဲ့ လေးနက်တဲ့ မေတ္တာတရားကို

အသိအမှတ်ပြုမိပါတယ်၊

ဒါ့ကြောင့် … သူတို့အတွက် မောင်ရင်

ဘာမှစိုးရိမ်ဖွယ် မရှိပါဘူး၊

ဒီလောက်ဆို မောင်ရင် ကျေနပ်ပါတော့"

လို့ ပြောလိုက်တဲ့အခါ ကိုကြည်သိန်းတစ်ယောက် မျက်မှောင်ကြုတ်သွားတယ်။

"ဘာ … ဘယ်လို … ကျုပ်မိန်းမနဲ့ ကလေးအတွက်

မစိုးရိမ်ရဘူး … ဟုတ်လား၊

ဒါ … ဒါဆို သူတို့ကို မကောင်းဆိုးဝါးက

ကုပ်ချိုးမသတ်ဘူးပေါ့၊



ဘယ် … ဘယ်မလဲ ကျုပ်မိန်းမ၊

ခင်ဗျား ပြောစမ်းပါ"

ကိုကြည်သိန်းရဲ့ စိတ်လှုပ်ရှားစွာ မေးလိုက်တဲ့ အမေးကို ဒေါ်အိုစာက သက်ပြင်းသဲ့သဲ့ရှိုက်ရင်း …

"အသက်အန္တရာယ်စိုးရိမ်ဖွယ် မရှိဘူးလို့

ကျုပ် ပြောပြီးပြီပဲ မောင်ရင်၊

ဘာ အထွန့်တက်ဦးမှာလဲ၊

ဟောဒီချိုင့်ထဲမှာပါတဲ့ ဆန်ပြုတ်ကိုသောက်ပြီး

အနားယူလိုက်ပါ"

လို့ ပြောပြီး သူ့အနားက ထထွက်သွားတယ်။

ကိုကြည်သိန်းဟာ အလျင်အမြန်ထရင်း အဘွားအိုနောက် လိုက်ဖို့ပြင်လိုက်တယ်။

ဒီအချိန်မှာပဲ …

'အား … ကျွတ် … ကျွတ်'

ညည်းညူသံနဲ့အတူ ခေါင်းထဲ မိုက်ခနဲဖြစ်သွားတယ်။

ဒေါ်အိုစာဟာ ခြေလှမ်းတုံ့သွားပြီး …

www.burmeseclassic.com

www.burmeseclassic.com



"ခုချိန်မှာ မောင့်ရင့်အတွက် ငြိမ်သက်ခြင်းဟာ

ကောင်းသောအနားယူခြင်းပါပဲ"

လို့ နောက်လှည့်မကြည့်ဘဲ ပြောလိုက်တယ်။

ကိုကြည်သိန်းက ခေါင်းရဲ့ချိုစောင်းနေရာကို လက်နဲ့

ဖိရင်း ...

"ကျုပ် ... ကျုပ်ခေါင်းက သိပ်နာပြီး

မျက်လုံးတွေ ပြာခနဲ ဖြစ်သွားတယ်၊

ခင် ... ခင်ဗျားတို့ မကောင်းဆိုးဝါးကောင်တွေ

ကျုပ် ... ကျုပ်ကို ပြုစားလိုက်ပြီ မဟုတ်လား"

လို့ မေးလိုက်တဲ့အခါ ဒေါ်အိုစာက ...

"မကောင်းဆိုးဝါးဆိုတာ တစ္ဆေ ... သရဲတွေကို

ဆိုချင်တာ မဟုတ်လား၊

မောင်ရင်က ကျုပ်တို့ကို တစ္ဆေသရဲလို့ ယူဆချင်လည်း

ရတယ်၊

လူလို့ သတ်မှတ်ချင်လည်း ရတယ်၊

လူတစ်ယောက်ဟာ ကြိုက်သလို ထင်မြင်ယူဆခွင့်



ရှိတယ်၊

ဒါဟာ ... လူသားတစ်ယောက်ရဲ့ လွတ်လပ်ခွင့်ပါပဲ၊

ဟစ်ခုတော့ မှာခဲ့မယ်၊

ဆန်ပြုတ်ကို အမြန်ဆုံး စားပစ်လိုက်ပါ"

လို့ ပြောပြီး ထွက်သွားတော့တယ်။

❐❐❐

www.burmeseclassic.com

www.burmeseclassic.com

၄

"မေမိချိုတာက ...

ဆန်ပြုတ်ကို ဘာကြောင့်

အမြန်စားနိုင်ပါတာလဲ?"

# အပိုင်း (၆)

www.burmeseclassic.com

www.burmeseclassic.com

ကိုကြည်သိန်းတစ်ယောက် အိပ်ရာပေါ်ကို
ချလိုက်မိတယ်။

ခေါင်းကို ကိုင်ထားတဲ့လက်ကို ရုတ်တရက် ဖြ
လိုက်တဲ့အခါ ...

"ဟင် ... သွေး ... သွေးစေးတွေပါလား၊



ခေါင်းရဲ့ ညာဘက်ချိုစောင်းက

တဆစ်ဆစ်နာပြီး သွေးတွေပါ ထွက်နေတာဆိုတော့

ငါ ခေါင်းပေါက်သွားတာပေါ့"

အတွေးနဲ့အတူ သူဟာ ညကအဖြစ်အပျက်ကို ပြန်တွေး
တိုက်မိတယ်။

ထိုသို့ ပြန်တွေးရင်း ခေါင်းက တရိပ်ရိပ်မူးဝေလာခြင်း
နဲ့အတူ မေ့ခနဲ ဖြစ်သွားတယ်။

ဝမ်းဗိုက်က ဆာလောင်မှုနဲ့အတူ သူ့မျက်လုံးတွေကို
အားယူဖွင့်လိုက်မိတယ်။

သူ့မျက်လုံးအကြည့်က အိပ်ရာဘေးမှာချထားတဲ့ ဒန်
ချိုင့်လေးဆီ ရောက်သွားတယ်။

ဒေါ်အိုစာဆိုတဲ့ အဘွားအိုပေးခဲ့တဲ့ ဆန်ပြုတ်ချိုင့် ...

သူ့ရဲ့တုန်ယင်နေတဲ့လက်က ချိုင့်ဆီရောက်သွားတယ်။

ရှိသမျှအားကို စုစည်းပြီး ချိုင့်ကို ဆွဲယူလိုက်တယ်။

ပြီးတော့ ... တစောင်းလှဲအနေအထားနဲ့ ချိုင့်ကို မော့
သောက်ဖို့ ပြင်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

ဆန်ပြုတ်ကို အငမ်းမရ မော့သောက်လိုက်တဲ့အခါ ဆန်ပြုတ်တွေက သူ့လက်ပေါ် ဖိတ်စဉ်ကျလာတယ်။

နောက်ပေါက ဆန်ပြုတ်ကို သုတ်ဖို့ ပြင်လိုက်တဲ့အခါမှာတော့ သူ အထိတ်တလန့် ဖြစ်သွားတယ်။

လည်ချောင်းတစ်လျှောက် ပျို့တက်လာပြီး 'ဝေါ့' ခနဲ အန်ချလိုက်မိတယ်။

"အောင်မယ်လေး ... ကြောက်ဖို့ကောင်းလိုက်တာ၊

လောက်ကောင်တွေ ... လောက်ကောင်တွေပါလား"

ကိုကြည်သိန်းဟာ အထိတ်တလန့် ရေရွတ်ရင်း လေးဖက်ထောက်အနေအထားနဲ့ အခန်းထောင့်ကို သွားလိုက်တယ်။

"ဘုရား ... ဘုရား၊

ဟိုမကောင်းဆိုးဝါးမကြီးက

ဆန်ပြုတ်ဆိုပြီး လောက်ကောင်တွေ ကျွေးခဲ့ပါလား၊

ဒီ ... ဒီနေရာဟာ မကောင်းဆိုးဝါးနေရာဆိုတာ

သေချာသွားပြီ၊

ငါ ... ငါ ဘာလုပ်ရမလဲ၊



ခင်သက်ကိုရော ဘယ်လိုကယ်တင်ရမလဲ၊

ခုချိန်ဆို ခင်သက်တစ်ယောက် အသက်မှရှိသေးရဲ့လား"

အတွေးနဲ့အတူ သူ့ရင်ထဲ ဗလောင်ဆူသွားပြီး လွတ်မြောက်ရာလမ်းကို ရှာဖွေမိတယ်။

သူဟာ အခန်းထောင့်ကနေ ယိုင်ရွဲ့နေတဲ့ တံခါးပေါက်ရှိရာ ချဉ်းကပ်သွားတယ်။

စိတ်လှုပ်ရှားမှု၊ စိုးရိမ်ပူပန်မှု၊ ကြောက်ရွံ့မှုတွေကြောင့် သူ့တစ်ကိုယ်လုံး ဇောချွေးပြန်နေရှာတယ်။

ယိုင်ရွဲ့အိုဟောင်းနေတဲ့ တံခါးကြီးကို တွန်းဖွင့်လိုက်တဲ့အခါ တံခါးဟာ ပြုတ်ကျလုမတတ် လှုပ်ခါသွားပြီး ...

'ကျွီ' ခနဲ ပွင့်သွားတယ်။

ခြေတစ်လှမ်း ထွက်လိုက်မိတယ်ဆိုရုံနဲ့ ဦးဆုံးမြင်လိုက်ရတာ ...

သူ့ကို စူးစိုက်ကြည့်နေတဲ့ ဧရာမကြောင်နက်ကြီး တစ်ကောင်။

ကြောင်နက်ကြီးဟာ သူ့ကို စူးစိုက်ကြည့်ရင်း ...

www.burmeseclassic.com

www.burmeseclassic.com


'ညောင်' ခနဲ အော်ဟစ်လိုက်တယ်။

ဒီအချိန်မှာပဲ အရိပ်မည်းကြီးတစ်ခုက အခန်းထဲ အုပ်မိုးကျလာတယ်။

သေချာကြည့်လိုက်တော့ မည်းမှောင်နေတဲ့ အခန်းထဲက ထွက်လာတဲ့ အမည်းရောင်ဝတ်စုံနဲ့ လူတစ်ယောက်။

ထိုလူက သူရှိရာ တရွေ့ရွေ့လျှောက်လာတယ်။

"ဒီနေရာဟာ ခင်ဗျားအတွက် သက်သောင့်သက်သာ နားနေရမယ့် နေရာပါ၊

ဘာကြောင့် အခန်းထဲက ထွက်လာသလဲ"

အမိန့်ပေးသလို လို၊ မာကြောကြောအသံကြောင့် ကိုကြည်သိန်းဟာ စူးစိုက်ကြည့်ရင်း ...

"ခင်ဗျားတို့ ကျုပ်ကို ဘာကြောင့်

အခန်းထဲ ပိတ်ထားရတာလဲ၊

ကျုပ်မိန်းမရော ဘယ်မလဲ"

လို့ မကျေမနပ် မေးလိုက်တယ်။

"ဟား ... ဟား ... ဟား ... ဟား

ဝဏ္ဏမြိုင်ဆိုတဲ့ ကျုပ်က ဘယ်သူ့ကိုမှ

ဖိတ်ခေါ်လေ့မရှိဘူး၊

ခင်ဗျားတို့ဟာ မဖိတ်ခေါ်ဘဲ လာတဲ့ ဧည့်သည်တွေပဲ၊

အေး ... မဖိတ်ဘဲ လာရင်တော့

မနှင်ဘဲ ပြန်လို့မရဘူး၊

ကျုပ်နှင်တဲ့အချိန်မှ ခင်ဗျား ... ပြန်ခွင့်ရှိတယ်၊

ဟား ... ဟား ... ဟား"

"ဟုတ်တယ်၊ ကျုပ်တို့က ...

ခင်ဗျားတို့ မခေါ်ဘဲ ရောက်လာတယ်၊

ဒါပေမဲ့ ... ခင်ဗျားတို့ရဲ့ မကောင်းဆိုးဝါးနေရာကြီးကို

လာချင်လွန်းလို့ ရောက်ခဲ့တာ မဟုတ်ဘူးဗျ၊

မိုက်ကြီးသည် ကျုပ်မိန်းမ

ဗိုက်သိပ်နာနေလို့ အကူအညီရလိုရငြား

လာတောင်းမိတာ၊

ကျုပ်မိန်းမကို ခင်ဗျားတို့ ဘာလုပ်လိုက်ပြီလဲ၊

ကျုပ် သူနဲ့ တွေ့ချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com

ကိုကြည်သိန်းရဲ့စကားကြောင့် အမည်းရောင်ဝတ်စုံနဲ့ လူရဲ့ ကြောက်မက်ဖွယ်မျက်နှာကြီးဟာ ကွက်ခနဲ ပျက်သွားတယ်။

"ကျုပ်ရဲ့အရိပ်မှာနေပြီး ကျုပ်ကို

မကောင်းဆိုးဝါးလို့ ပြောတယ်၊

မကောင်းဆိုးဝါးဆိုမှတော့

မကောင်းဆိုးဝါးလိုပဲ ဆက်ဆံပြရတာပေါ့"

သြရုရုအသံကြီးဆုံးတဲ့အခါ ထိုလူဟာ လက်ခုပ်ကို 'ဖျောင်း' ခနဲတီးလိုက်တယ်။

အခန်းမည်းကြီးထဲက ရော်မအရိပ်ကြီးတစ်ခု ထွက်ပေါ်လာတယ်။

ကိုကြည်သိန်းတစ်ယောက် စိတ်လှုပ်ရှားစွာနဲ့ ငေးကြည့်နေတုန်းမှာပဲ လူ့ဘီလူးလို လူသန်ကြီးတစ်ယောက်ကို ထင်ရှားစွာ တွေ့လိုက်ရတယ်။

သူ မလှုပ်မယှက် ငြိမ်သက်နေတုန်းမှာပဲ လူ့ဘီလူးလို လူသန်ကြီးက သူ့ကို ဖွေ့ခနဲ မ,ချီလိုက်တယ်။





"ဟာ ... ဘာလုပ်တာလဲ၊

လွှတ် ... လွှတ်စမ်း ... မကောင်းဆိုးဝါးကောင်ကြီး

ကျုပ်ကို လွှတ်"

ကိုကြည်သိန်းရဲ့ သွေးရူးသွေးတန်း အော်ဟစ်ရုန်းကန်သံကြီးက မကောင်းဆိုးဝါးအိမ်ကြီးထဲ ဟိန်းထွက်သွားတော့တယ်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

"ကျုပ်တို့ ဘာဆက်ဖြစ်မလဲ?"

# အပိုင်း (၇)

www.burmeseclassic.com

www.burmeseclassic.com



လှသန်ကြီးက သူ့ကို ပွေ့ချီထားရာက ကြမ်း

လွှတ်ချလိုက်တယ်၊

ပြီးတော့ ... ယိုင်ရွဲ့နေတဲ့ တံခါးကြီးကို 'အုန်း'

ဆောင့်ပိတ်ရင်း ပြန်ထွက်သွားတယ်။

ကိုကြည်သိန်း အရှိန်နဲ့ လွှတ်ချခံရတဲ့အတွက် တင်

မှ နာကျင်မှုကိုပင် ဂရုမစိုက်နိုင်ဘဲ လူးလဲထလိုက်မိတယ်။

"ငါ့ကို အခန်းထဲ ပြန်ထည့်သွားပြီ၊

ထူးတော့ ထူးဆန်းတယ်၊

သူတို့ ငါ့ကို ပိတ်လှောင်ထားရင် ...

သော့ခတ်တဲ့ အခန်းမှာပဲ ထားမှာပေါ့၊

ဘာကြောင့် အလွယ်တကူ ထွက်လို့ရတဲ့

တံခါးပျက်ကြီးရဲ့ အခန်းမှာ ထားရတာလဲ၊

သူတို့ ဘယ်သူတွေလဲ၊ ဘာကြောင့် ငါတို့ကို

ဒီလို ဆက်ဆံရသလဲ"

အတွေးနဲ့အတူ ကိုကြည်သိန်းတစ်ယောက် ခေါင်း

တစ်ခုလုံး မူးမိုက်မတတ် ခံစားလိုက်ရတယ်။

ဒါကြောင့် နံရံကို လက်ထောက်ရင်း အားပြုရပ်လိုက်မိ

တယ်။

'ဂျွတ်'ခနဲ အသံနဲ့အတူ သူ ယိုင်ခနဲ ဖြစ်သွားတယ်။

ဆွေးမြည့်နေတဲ့ နံရံချပ်ကြီး။

အက်ကွဲကြောင်းရဲ့ကြားက မှုန်ပျပျအလင်းရောင်တစ်ခု

www.burmeseclassic.com

www.burmeseclassic.com



တိုးဝင်လာသလို သူ့မျက်မှောင်တွေ ကြုတ်သွားမိတယ်။

ကိုကြည်သိန်းဟာ အက်ကွဲရာထနေတဲ့ နံရံကို လက်
အားကုန်ရိုက်ချလိုက်တယ်။

ဒီအခါ ဆွေးမြည့်နေတဲ့ နံရံကြီးဟာ အလွယ်တ
ါးကြေသွားတော့တယ်။

ကိုကြည်သိန်းတစ်ယောက် နံရံပေါက်ကြီးထဲက
တစ်ဖက်ကို ရောက်သွားတယ်။

မြေသင်းရနံ့နဲ့ မှောင်မည်းနေမှုကြောင့် အိမ်ကြီး
အပြင်တစ်နေရာကို ရောက်သွားပြီဆိုတာ သူ သတိပြုလိုက်
တယ်။

ခုနက မြင်ရတဲ့ အလင်းရောင်ပျပျကို ရှာဖွေမိတဲ့အ
အလင်းရောင်ဟာ သူနဲ့ သိပ်မဝေးဘူးဆိုတာ သိလိုက်ရတယ်

သူ့ရဲ့ခြေလှမ်းက ထိုနေရာကို ဦးတည်လိုက်တယ်

'ဒုတ် ... ဒုတ် ... ဒုတ် ... ဒုတ်'

မြေကြီးကို တစ်ယောက်ယောက် ပေါက်နေတဲ့အ
ကြောင့် သူ့ခြေလှမ်း ရပ်သွားတယ်။

"အလို ... ကျင်းတူးသံပါလား၊

တစ္ဆေကောင်ကြီးများ ငါ့မိန်းမရဲ့ ကလေးကို
သတ်စားပြီး မြေမြုပ်ဖို့ လုပ်နေတာများလား"

အတွေးနဲ့အတူ သူ ခေါင်းနားပန်းကြီးသွားမိပြီ ...
ဒါ့ကြောင့် အသံလာရာဆီကို ခြေဖော့နင်းရင်း ချဉ်းကပ်
သွားမိတယ်။

စိုးရိမ်မှုကြီးမားနေတဲ့ စိတ်ဇောကြောင့် ချွေးစေးပြန်မိ
သလို သူ့လက်ဖျားတွေ အေးစက်နေတယ်။

အသံက ပိုမိုနီးကပ်လာတဲ့အတွက် သူ့မျက်လုံးအစုံကို
အားစိုက်ပြီး မှောင်ကြီးမည်းမည်း စူးစိုက်လိုက်တယ်။

ကျောပေးထားတဲ့ လူသန်ကြီးတစ်ယောက်။

ပေါက်ပြားကြီးနဲ့ မြေကြီးတွေ တူးဆွပြီး ကလော်ထုတ်
နေတယ်။

ကိုကြည်သိန်းဟာ အပင်ကြီးတစ်ပင်ရဲ့နောက်မှာ
အကာအကွယ်ယူရင်း တိတ်တဆိတ် ချောင်းမြောင်းကြည့်နေမိ
တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်မှာပဲ လူသန်ကြီးက တစ်စုံတစ်ခုကို ကောက်ယူလိုက်ပြီး မြေကျင်းထဲ ပစ်ချလိုက်တယ်။

ပြီးတော့ မြေကြီးကို ပြန်ဖို့ပြီး ထိုနေရာက ထွက်ခွာသွားတယ်။

ဝိုးတဝါးမြင်နေရတဲ့ အရာတွေကြောင့် ကိုကြည်သိန်းရဲ့ စိုးရိမ်မှုက ပိုကြီးသွားတယ်။

လူသန်ကြီးရဲ့အရိပ် လုံးဝပျောက်သွားတော့မှ ထိုနေရာကို သူ သွားလိုက်တယ်။

မြေကြီးကို တူးဆွကြည့်လိုက်တဲ့အခါမှာတော့ သူဟာ ထိတ်လန့်တကြီးနဲ့ 'အား'ခနဲ အော်မိမတတ် ဖြစ်သွားရတယ်။

ဒါ့ကြောင့် ပါးစပ်ကို လက်နဲ့အုပ်ရင်း နောက်ကို ယောင်ယမ်းဆုတ်လိုက်မိတယ်။

မြေအိုးကြီးတစ်လုံးနဲ့ ထည့်ထားတဲ့ လူရဲ့ အတွင်းကလီစာတွေ ...

သွေးသံတရဲရဲနဲ့။

"ဘုရား ... ဘုရား၊



ဒါ ... ဒါ ... လူတစ်ယောက်ရဲ့ ကလီစာအစိတ်အပိုင်းတွေပဲ၊

ခင်သက်နဲ့ကလေးကို မကောင်းဆိုးဝါးတွေ စားသောက်လိုက်ပြီ၊

ဖြစ်မှဖြစ်ရလေကွာ ...

ငါ ... ငါ ... ဘယ်လိုဖြေရမှာလဲ ခင်သက်ရယ်"

ကိုကြည်သိန်းတစ်ယောက် လှိုက်တက်လာတဲ့ ကြေကွဲခြင်းနဲ့အတူ အံကြိတ်ငိုလိုက်မိတယ်။

❐❐❐

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၈)

'ရှပ်. . .ရှပ်. . .ရှပ်. . .ရှပ်'

ဖိနပ်ရှပ်တိုက်သွားနေတဲ့ အသံကြီးကို ကြားလိုက်ရတာ ကြောင့် ကျိတ်ပြီး ငိုကြွေးနေတဲ့ သူ့မျက်လုံးတွေ လှုပ်ရှားသွား တယ်။

အသံက တဖြည်းဖြည်း နီးကပ်လာတဲ့အတွက် အပျင်

www.burmeseclassic.com

www.burmeseclassic.com



အမြန် ခြေပေါ်လဲ့ချလိုက်ရတယ်။

ဝတ်ရုံအနက် ဝတ်ထားတဲ့ လူတစ်ယောက် သူ့အနား

ဖြတ်လျှောက်သွားတယ်။

ဝါးနှစ်ရိုက်လောက်ကျော်တော့မှ သူ အဲဒီလူနောက်

နေ တိတ်တဆိတ် လိုက်သွားလိုက်တယ်။

ထိုလူရဲ့ခြေလှမ်းတွေက မီးရောင်မှိန်ပျပျလက်နေ

နေရာကို ဦးတည်သွားတယ်။

သူလည်း နောက်ကနေ မျက်ခြည်မပြတ် လိုက်သွား

တယ်။

သစ်သားတိုင်အရှည်ကြီးတွေ ...

အပေါ်မှာ မီးလဲ့လဲ့ လင်းနေတယ်။

ဝတ်ရုံနက်လူဟာ သစ်သားတိုင်တွေရဲ့ကြားထဲ ဝင်သွ

ပြီး လှေကားထစ်လိုအရာပေါ် တက်သွားတယ်။

ကိုကြည်သိန်းက ရှေ့ဆက်မသွားဘဲ ရပ်ကြည့်နေ

တယ်။

ဒီအချိန်မှာပဲ မီးရောင်တွေ လင်းခနဲဖြစ်သွားပြီး မျှော်





လို ဆောက်လုပ်ထားတဲ့ ခြေတံရှည်အိမ်တစ်လုံးဖြစ်နေတာ သိ

လိုက်ရတယ်။

မီးခိုးငွေ့တွေ လိုက်တက်နေတဲ့ ပြတင်းပေါက်ကြီးမှာ

လူတစ်ယောက် ထိုင်နေတာကို မြင်လိုက်ရပြန်တယ်။

သူ စူးစိုက်ကြည့်နေစဉ်မှာပဲ ထိုပြတင်းပေါက်မှာ ဝတ်ရုံ

နက်ကြီးရဲ့အရိပ်ကို တွေ့လိုက်ရတယ်။

'ချွတ် ... ချွတ် ... ချွတ်'

သစ်ကိုင်းခြောက်နင်းသံ ရုတ်တရက် ကြားလိုက်ရတဲ့

အတွက် သူ့ရင်ထဲ ထိတ်ခနဲ။

ပြီး ... မြေပေါ်ပပ်ချလိုက်တယ်။

မျှော်စင်လိုအိမ်ကြီးရှိရာ လျှောက်လာတဲ့ လူသန်ကြီးနှစ်

ယောက်။

လူသန်ကြီးနှစ်ယောက်က ကိုကြည်သိန်းရှိတဲ့ မြက်ရိုင်း

ပင်တွေနားကနေ ဖြတ်ကျော်သွားတယ်။

ပြီးတော့ ...

"သခင်လေး ... သခင်လေး"

www.burmeseclassic.com

www.burmeseclassic.com

လို့ မှော်စင်အိမ်ကြီးပေါ် မော့ကြည့်ရင်း ခေါ်လိုက်တယ်။

ခေါ်သံနဲ့ မရှေးမနှောင်းမှာပဲ ခြေသံပြင်းပြင်းကြီး ကြားလိုက်ရတယ်။

ဝတ်ရုံနက်နဲ့လူကြီးဟာ လူသန်ကြီးနှစ်ယောက်ကို မျက်နှာထားတင်းတင်းနဲ့ကြည့်ရင်း ...

"ခင်ဗျားတို့ကို ကျုပ် ဘာစည်းကမ်းထုတ်ထားသလဲ"

လို့ အသံညြညြကြီးနဲ့ မေးတယ်။

လူသန်ကြီးနှစ်ယောက်ဟာ ခေါင်းငုံ့လျက် ...

"ဟို ... ဟို ...

ဒီနေရာကို သခင်လေးလာရင် ...

ဘယ်သူမှ လာပြီး မနှောင့်ယှက်ရဘူးလို့

မှာထားပါတယ် ခင်ဗျ"

လို့ တစ်ယောက်က ပြောလိုက်တယ်။

"ကောင်းပြီ ...

ဒါဆို ခင်ဗျားတို့က ဝဏ္ဏမြိုင်ထုတ်ထားတဲ့



စည်းကမ်းကို သိသိကြီးနဲ့ ချိုးဖောက်လိုက်ပြီပဲ

ပြစ်ဒဏ်ခံလိုက်စမ်း"

ကိုကြည်သိန်းတစ်ယောက် သူတို့ရဲ့စကားတွေကို မြက်ပင်တွေကြား ဝပ်တွားရင်း အသာနားစွင့်နေမိတယ်။

ပြီးတော့ အိမ်ကြီးပေါ်က အလင်းရောင်ကြောင့် သူတို့ကို အထင်အရှား မြင်နေရတယ်။

ခါးတောင်းမြှောင်နေအောင် ကျိုက်ထားတဲ့ လူသန်ကြီးနှစ်ယောက်ဟာ မျက်နှာချင်းဆိုင်ရပ်ပြီး တစ်ယောက်ပါးကို တစ်ယောက် ဖျန်းခနဲ ရိုက်ချလိုက်တယ်။

ထိုမြင်ကွင်းကြောင့် ကိုကြည်သိန်းဟာ တအံ့တသြဖြစ်သွားရတယ်။

"ကဲ ... ပြစ်ဒဏ်ခံပြီးပြီဆိုတော့

ပြောစမ်း ... ဘာဖြစ်လာကြသလဲ"

ဝတ်ရုံနက်လူရဲ့အမေးကို လူသန်တစ်ဦးက —

"ညှော့သည်ယောက်ျား လွတ်မြောက်သွားပါတယ်

သ ... သခင်လေး"

www.burmeseclassic.com

www.burmeseclassic.com

လို့ ပြောလိုက်တယ်။

ထိုစကားကြားတဲ့အခါ ဝတ်ရုံနက်လူဟာ မျက်မှောင်ကြုတ်သွားတယ်။

ပြီးတော့ ကောင်းကင်ကို မော့ကြည့်ရင်း ...

"ဒါဟာ ... မီးစုန်းအတွက်

အနှောင့်အယှက်ပဲ ... မြေလှန်ရှာကြစမ်း"

လို့ အသံသြကြီးနဲ့ အမိန့်ပေးလိုက်တော့တယ်။

❒ ❒ ❒

"မီးစုန်းက ... ဘာလဲ?"

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၉)

"မြေလှန်ရာကြမ်း"

... ဆိုတဲ့ စကားက ကိုကြည်သိန်းအတွက် တုန်လှုပ်သွားစေတယ်။

မကောင်းဆိုးဝါးတွေ သူ့ကို သတ်ဖြတ်စားမှာလား။

ဒါမှမဟုတ် ...

www.burmeseclassic.com

www.burmeseclassic.com

အရှင်လတ်လတ် အူအသည်းတွေ ထုတ်စားတော့မလား ဆိုတဲ့ အတွေးက ချွေးတဒီးဒီးကျသွားမိတယ်။

သူဟာ မြက်ရိုင်းပင်တွေကြားကနေ ဘယ်သွားရမှန်း မသိ ဖြစ်နေရှာတယ်။

အမှောင်ထုထဲ လှုပ်ရှားသွားတဲ့ သူ့မျက်လုံးတွေက မျှော်စင်အိမ်ကြီးဆီ ရောက်သွားတယ်။

ဝတ်ရုံနက်နဲ့လူကြီးဟာ မျှော်စင်အိမ်ကြီးကို မကြာခဏ လာပုံရတယ်။

ဒါကို တွေးလိုက်မိတာနဲ့တစ်ပြိုင်နက် လောကမှာ အန္တရာယ်အရှိဆုံးနေရာ၊ ရန်သူရှိတဲ့နေရာဟာ တစ်ခါတစ်ရံ ကိုယ့်အတွက် အလုံခြုံဆုံးဆိုတာ သူ တွေးလိုက်မိတယ်။

ဒါ့ကြောင့် ကိုကြည်သိန်းဟာ မျှော်စင်အိမ်ကြီးရှိရာ ဝပ်တွားရင်း ချဉ်းကပ်သွားတယ်။

သူဟာ မျှော်စင်အိမ်ကြီးရဲ့ လှေကားထစ်တွေအတိုင်း တိတ်တဆိတ် တက်သွားမိတယ်။

အပေါ်ရောက်တော့ အိမ်တံခါးကို တွန်းကြည့်တဲ့အခါ အလွယ်တကူ ပွင့်သွားကြောင်း တွေ့လိုက်ရတယ်။

တံခါးပွင့်သွားတာနဲ့ တစ်ပြိုင်နက် စိမ်းရွှေရွှေအနံ့ဆိုး ကြီးက နှာခေါင်းထဲတိုးဝင်လာတယ်။

"ထွီ ... ဆိုးလိုက်တဲ့ အနံ့ကြီး၊
ဒီနေရာမျိုးမှာ ခိုအောင်းနေရင်
အသက်ထွက်သွားနိုင်တယ်"
လို့ သူတွေးလိုက်မိတယ်။

ကိုကြည်သိန်းဟာ တံခါးကို အသာပြန်ထရင်း မှောင် ကြီးမည်းမည်းထဲ ရင်ထိတ်စွာနဲ့ တိုးဝင်သွားတယ်။

မျှော်စင်အိမ်ကြီးရဲ့အပြင်မှာက လရောင်မှိန်မှိန်လေးပဲ ရှိတယ်။

မကောင်းဆိုးဝါးကောင်တွေဟာ မီးတုတ်တွေကို ငြိမ်း သတ်သွားတဲ့အတွက် သူ ဘယ်နေရာနေရမှန်းမသိ ဖြစ်နေမိ တယ်။

သူဟာ အမှောင်ထဲ လက်နဲ့စမ်းရင်း သွားလိုက်တဲ့အခါ သူ့လက်က သစ်သားခုံလိုအရာကို စမ်းမိသွားတယ်။

www.burmeseclassic.com



“ဟူး ... ဒီညအတွက်တော့

ငါ ဘာမှလုပ်နိုင်မှာမဟုတ်ဘူး၊

ဒီသစ်သားခုံကိုပဲ ကျောမှီအိပ်ရတော့မှာပဲ၊

ဘုရား ... ဘုရား ...

အန္တရာယ်ဆိုးနဲ့ မကြုံရပါစေနဲ့”

သူ တီးတိုးရေရွတ်ရင်း ခုံကို မှီလိုက်မိတယ်။

စိတ်ဖိစီးမှု၊ ပင်ပန်းနွမ်းနယ်မှုတွေကြောင့် သူ့မျက်လုံးတွေ မှေးခနဲဖြစ်ပြီး အိပ်ပျော်သလို ဖြစ်သွားတယ်။

ခဏအကြာမှာတော့ ...

‘ဘုတ် ... ဘုတ် ... ဘုတ်’

သူ့ကျောကို ထုရိုက်ခံလိုက်ရတာကြောင့် ဖျတ်ခနဲ လန့်နိုးသွားတယ်။

သူ ကြည့်လိုက်တဲ့အခါ မျက်ကွင်းဟောက်ပက် ကြောက်မက်ဖွယ်မျက်နှာကြီးတစ်ခု။

သူ တစ်ကိုယ်လုံး အေးစက်သွားပြီး ထိတ်ခနဲ နှလုံးရ သွားမိချိန်မှာပဲ ...

“ဘာကြောင့် ... ငါ့နေရာကို ရောက်နေသလဲ၊

ထွက်သွားစမ်း ... ထွက်သွားစမ်း”

ကြောက်မက်ဖွယ်အသံကြီးကြောင့် သူ ကုန်းရုန်းထဖို့ ...င်လိုက်မိတယ်။

ဒါပေမဲ့ ... သူ့တစ်ကိုယ်လုံး လှုပ်ရှားလို့မရအောင် ...နေတယ်။

ညှီစို့စို့အနံ့ကြီးနဲ့အတူ ကြောက်မက်ဖွယ်မျက်နှာကြီးက ...ရဲ့မျက်နှာနား နီးကပ်လာတယ်။

သူ အသက်ရှူရပ်မတတ် ခံစားလိုက်ရပြီး ထိုမျက်နှာ ...ကြီးကိုပဲ စိုက်ကြည့်နေမိတယ်။

အော်ဟစ်ရုန်းထဖို့ ကြိုးစားလိုက်ပေမယ့် ကြောက်စိတ် ...ကြောင့် လှုပ်လို့မရဘူး။

သူ့တစ်ကိုယ်လုံး အင်အားဆုတ်ယုတ်နေသလို ခံစား ...ရတယ်။

ဒီအချိန်မှာပဲ မျက်တွင်းဟောက်ပက်ကြီးကနေ မီးလုံး ...ထွက်လာတာ တွေ့လိုက်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



"အွတ် ... မသွား ... ရင်တော့

နင်ဟာ ... ငါ့ ... အစာပဲ၊

နင့်ကို ငါ ... စားရလိမ့်မယ်၊

စားရမယ် ... စားရမယ်"

အသံဆိုးကြီးနဲ့အတူ ကြောက်မက်ဖွယ်မျက်နှာရဲ့ စပ်က လျှာကြီးထွက်လာတယ်။

လျှာကြီးက တဖြည်းဖြည်း ရှည်ထွက်လာပြီး သူ့လ[illegible] ပင်းနား ရောက်လာပြီ။

ဆောင့်ကြောင့်ထိုင်နေတဲ့ ကိုကြည်သိန်းတစ်ယော[illegible] ကြောက်လွန်းလို့ ဒူးရိုက်နေချေပြီ။

လျှာအရှည်ကြီးက သူ့လည်ပင်းကို တဖြည်းဖြည်း[illegible] ပတ်လာတယ်။

ကြောက်စိတ်က ငယ်ထိပ်ဆောင့်သွားပြီး သူ အား[illegible] စုရုန်းကန်လိုက်တယ်။

ဒါပေမဲ့ ... သူ ရုန်းကန်လေ ရစ်ပတ်မှုက ပိုတင်း[illegible] လေ ဖြစ်နေတယ်။



လျှာအရှည်ကြီးဟာ လည်ပင်းကတစ်ဆင့် မျက်နှာဆီ ရစ်ပတ်လာတယ်။

သူ့နှာခေါင်းကို ရစ်ပတ်ခံရချိန်မှာတော့ ...

"အား ... အား

မလုပ်နဲ့ ... မလုပ်နဲ့ ... မလုပ်နဲ့"

ရှိသမျှ အားကုန်စုရုန်းပြီး အာခေါင်ခြစ် အော်ဟစ်[illegible]ပေမယ့် အသံက သူ့လည်ချောင်းဝကနေ ထွက်မလာဘူး။

❒❒❒

www.burmeseclassic.com

# အပိုင်း (၁၀)

ကိုကြည်သိန်းက ရုန်းကန်နေချိန်မှာပဲ သူ့ခန္ဓာတစ်ခုလုံး လေဟာနယ်ထဲ ရောက်သွားသလို ခံစားလိုက်ရတယ်။

မျက်လုံးအစုံ ဖွင့်ကြည့်လိုက်တဲ့အခါမှာတော့ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေသလို ပြတင်းပေါက်က တိုးဝင်

www.burmeseclassic.com

www.burmeseclassic.com



နေတဲ့ အလင်းရောင်ကိုပါ တွေ့လိုက်ရတယ်။

"ဟင် ... မကောင်းဆိုးဝါးကြီး ဘယ်ရောက်

သွားပါလိမ့်။ အပြင်မှာ မိုးတောင်လင်းနေပြီ၊

ငါ ... ငါ ... အိပ်မက်မက်ခဲ့တာလား၊

တကယ်ပဲ တစ္ဆေအခြောက်ခံခဲ့ရတာလား"

စိတ်လှုပ်ရှားဖွယ် အတွေးနဲ့အတူ သူဟာ နေရာအနှံ့

မျက်စိကစားကြည့်လိုက်တယ်။

လူမနေတဲ့ အိမ်ပျက်ကြီးလို ဖြစ်နေပေမယ့် အမှိုက်

တစ်စ မရှိအောင် သန့်ရှင်းသပ်ရပ်နေတယ်။

သူဟာ ထိုင်ရာက ထပြီး ကြည့်လိုက်တဲ့အခါမှာတော့

ကြက်သီးဖျန်းဖျန်းထမတတ် ထိတ်လန့်တုန်လှုပ်သွားမိတယ်။

သူ တစ်ညလုံး မှီပြီးနေခဲ့တဲ့နေရာ ...

ထိုနေရာက ကျောက်သားနဲ့ပြုလုပ်ထားတဲ့ ကျောက်

ထိုင်ခုံကြီးတစ်လုံး။

ထိုင်ခုံကြီးရဲ့အပေါ်မှာတော့ ပုဆိုးကွက်ကျား၊ တိုက်ပုံ

အနက် ခေါင်းပေါင်းကြီးနဲ့ အရိုးစုကြီး။

လူတစ်ယောက်ထိုင်နေတဲ့ ပုံစံရှိနေသလို အရိုးစုကြီးရဲ့

ရှေ့ကြမ်းပြင်မှာတော့ အငွေ့တလူလူထွက်နေတဲ့ မြေအိုးကြီး

တစ်လုံး။

ကိုကြည်သိန်းတစ်ယောက် တုန်ယင်တဲ့ခြေလှမ်းနဲ့ မြေ

အိုးကြီးရှိရာ ချဉ်းကပ်သွားမိတယ်။

မြေအိုးကြီးကို ငုံ့ကြည့်လိုက်မိတဲ့အခါမှာတော့ ခဲရောင်

အမှုန့်တွေကြား ထိုးထိုးထောင် ထွက်ပေါ်နေတဲ့ လူ့လက်ဖျံရိုး

တွေကို တွေ့လိုက်ရတယ်။

"ဘုရား ... ဘုရား၊

ဒါ ... ဒါ ... ဘာတွေလဲ၊

ငါ တစ်ညလုံး ဒီအရိုးစုကြီးကို ကျောမှီနေခဲ့မိပါလား၊

ဒါ့ကြောင့် ညက ငါ ခြောက်လှန့်ခံခဲ့ရတာပေါ့"

အတွေးနဲ့အတူ သူဟာ အသက်ရှူမတတ် ချောက်ချား

သွားမိတယ်။

ဒီအချိန်မှာပဲ လေကားပေါ် နင်းတက်လာတဲ့ ခြေသံတွေ

ကြားလိုက်ရတယ်။

ခြေသံကြောင့် သူဟာ လက်ဖျားတွေ အေးစက်သွားရ တယ်။

သူ့မျက်လုံးက အခန်းထောင့်မှာချထားတဲ့ သေတ္တာစုတ်ကြီးတစ်လုံးဆီ ရောက်သွားတယ်။

ထိုနေရာကို အလျင်အမြန်သွားပြီး သေတ္တာကို ဆွဲဖွင့်ကြည့်လိုက်တယ်။

အထဲမှာ အဝတ်အစားအနည်းငယ်ကလွဲပြီး ဘာမှမရှိဘူး။

ဒါ့ကြောင့် သေတ္တာထဲကို အမြန်ဝင်ပြီး ပုန်းအောင်းနေလိုက်တယ်။

သူဟာ ထနေတဲ့ ပျဉ်ချပ်ကြားကနေ အပြင်ကို ချောင်းမြောင်းကြည့်မိတယ်။

ဒီအချိန်မှာပဲ အိမ်တံခါးကြီး ဝုန်းခနဲ ပွင့်သွားတယ်။

လူ့ဘီလူးလို လူသန်ကြီးနှစ်ယောက်ဟာ မျှော်စင်အိမ်ကြီးထဲ ခြေသံပြင်းပြင်းနင်းဝင်လာတယ်။

တစ်ယောက်ရဲ့လက်မှာတော့ လင်ပန်းတစ်ချပ် ပါလာပြီး သူတို့ဟာ အရိုးစုကြီးရှိရာ လျှောက်သွားကြတယ်။

လူသန်ကြီးတစ်ယောက်က အရိုးစုမှာ ဝတ်ဆင်ထားတဲ့ အဝတ်တွေကို ချွတ်ချပြီး အသစ်တစ်စုံ လဲလှယ်ပေးတယ်။

ကျန်တစ်ယောက်က မြေအိုးကြီးထဲကို ပြာမှုန့်အသစ်တွေ ထပ်ဖြည့်လိုက်ရင်း ...

"ဟော့ကောင် ယက္ခ ... ပြာတွေ ကုန်ခါနီးပြီကွ၊
ငါတို့ သင်္ချိုင်းကုန်းသွားပြီ အလောင်းရှာရဦးမယ်"
"သင်္ချိုင်းသွားပြီး အလောင်းဖော်ရတဲ့အလုပ်ကို
ကျုပ် သိပ်စိတ်ပျက်နေပြီ၊
လောကမှာ လူသေကောင်ရဲ့ အပုပ်နံ့ထက်
ဆိုးတဲ့အနံ့ မရှိဘူး၊
အလောင်းသွားယူပြီးတိုင်း ခုနစ်ရက်လောက်
ထမင်းစားလို့မရဘူး"
လို့ ပြန်ပြောတယ်။
"ငါတို့ သင်္ချိုင်းသွားရတဲ့ဝဋ်က ကျွတ်တော့...
သန့်ဘက်ခါဆို လပြည့်ညရောက်ပြီပဲ...

www.burmeseclassic.com

ဘိုးတော်ကြီး ဦးမှိုင်းလည်း ဒီညဆို ...

ဒီကိုရောက်ပြီကွ၊

ဦးမှိုင်းလာပြီးရင် တို့သခင်ကြီးရဲ့ ...

ရုပ်ကလာပ်ကြီးလည်း လွတ်မြောက်ခွင့်ရသွားပြီ"

လူသန်ကြီးနှစ်ဦးဟာ ထိုသို့ပြောဆိုပြီးတဲ့အခါ မျှော်စင်လို အိမ်ကြီးကနေ ပြန်ထွက်သွားကြတယ်။

❒ ❒ ❒

# အပိုင်း (၁၁)

www.burmeseclassic.com

www.burmeseclassic.com



**လူသန်ကြီးတွေ** ပြန်သွားတဲ့အခါ ကိုကြည်သိန်းဟာ သေတ္တာကြီးထဲက ထွက်လိုက်တယ်။

သူဟာ အဝတ်အစားအသစ်တွေ လဲလှယ်ထားတဲ့ အရိုးစုကြီးကိုတစ်လှည့် ... အငွေ့ထောင်းထောင်းထနေတဲ့ မြေအိုးကြီးကိုတစ်လှည့် ကြည့်မိရင်း ...

"ဒီနေရာမှာရှိတဲ့ လူတွေဟာ ...

တစ္ဆေသရဲမဟုတ်ဘဲ လူသားစစ်စစ်တွေဆိုတာ

သေချာသွားပြီ၊

သူတို့ဟာ လူဖြစ်ပြီး မကောင်းဆိုးဝါးတွေထက်

ယုတ်နိမ့်တဲ့ အစီအရင်တွေကို ဘာကြောင့်

လုပ်နေကြပါလိမ့်၊

လူသန်ကြီးနှစ်ယောက်ရဲ့ စကားအရဆိုရင်

ဒီညလာမယ့် ဘိုးတော်ဟာ အောက်လမ်းဆရာကြီးပဲ

ဖြစ်ရမယ်၊

ငါ့မိန်းမ ... ငါ့ကလေးအတွက်

သူတို့ကို ငါ ပြန်ပြီး လက်တုံ့ပြန်ရမယ်၊

သူတို့ရဲ့ မကောင်းတဲ့ အစီအရင်တွေကို

ငါ တားဆီးရမယ်၊ ဟုတ်တယ်၊

ငါ ရအောင် တားဆီးရမယ်"

လို့ နာကြည်းစွာ ဆုံးဖြတ်လိုက်မိတယ်။

ထိုသို့ ဆုံးဖြတ်လိုက်သည်နဲ့ **တစ်ပြိုင်နက် သူ့**

www.burmeseclassic.com


တစ်ကိုယ်လုံး သတ္တိတွေ ဆူပွက်လာသလို ခံစားလိုက်ရတယ်။

သူဟာ အိမ်မည်းကြီးဆီသွားဖို့အတွက် တံခါးအနီးကို လျှောက်သွားလိုက်တယ်။

ဒီအချိန်မှာပဲ မျှော်စင်အိမ်ကြီးပေါ်တက်လာတဲ့ ခြေသံကို ကြားလိုက်ရပြန်တယ်။

ဒါကြောင့် တံခါးနားမှာပဲ အသာရပ်ပြီး နားစွင့်နေလိုက်တယ်။

သစ်သားတံခါးကြီး ပွင့်သွားပြီး ဝတ်ရုံအနက်ဝတ်ထားတဲ့ ဝဏ္ဏမြိုင်ဆိုတဲ့လူ ဝင်လာတယ်။

ဝဏ္ဏမြိုင်ဟာ တံခါးဝမှာ ခြေစုံရပ်ရင်း အခန်းအနှံ့ မျက်လုံးဝေ့ကြည့်နေတယ်။

ပြီးမှ အရိုးစုကြီးရှိတဲ့ ကျောက်ထိုင်ခုံကြီးဆီ တရွေ့ရွေ့ လျှောက်သွားတယ်။

ကိုကြည်သိန်းတစ်ယောက် ရင်ထိတ်ထိတ်နဲ့ပဲ တံခါးကြားကနေ နားစွင့်နေမိတယ်။

ဝဏ္ဏမြိုင်ဟာ အရိုးစုကြီးရဲ့ရှေ့ရောက်တဲ့အခါ ဒူး

ထောက် ထိုင်ချလိုက်တယ်။

ထူးခြားစွာပဲ ထိုသူရဲ့မျက်လုံးမှာ မျက်ရည်တွေ ဝေ့ဝဲလာတာ မြင်နေရတယ်။

ဝဏ္ဏမြိုင်က အရိုးစုရဲ့လက်တစ်ဖက်ကို အသာဆွဲမပြီး ပါးနဲ့ အပ်ထားလိုက်တယ်။

"အဖေ ... အဖေရယ်၊

သား အဖေ့ကို သိပ်လွမ်းတာပဲ၊

မကြာခင်မှာ သား နှစ်ပေါင်းများစွာ စောင့်စားခဲ့ရတဲ့ နေ့ကို ရောက်တော့မယ် အဖေ၊

အဲဒီနေ့ ကျော်လွန်သွားရင် အဖေနဲ့သား ဘယ်တော့မှ မခွဲရတော့ဘူး၊

အဖေ့ရဲ့ နွေးထွေးတဲ့ ရင်ခွင်ကို သား အရမ်းသတိရတယ် အဖေ၊

သားတို့သားအဖတွေ ပျော်ပျော်ကြီး ပြန်နေရတော့မယ်၊

ဒီအတွက် အဖေလည်း သိပ်ကို ပျော်နေမှာပဲနော်၊

မီးစုန်းညပြီးသွားရင် အဖေ သိပ်ကြိုက်တဲ့

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ဟင်းတွေ သားကိုယ်တိုင် အဖေ့ကို ချက်ကျွေးမယ်

ပြီးတော့ ... သားတို့သားအဖတွေ မြန်မာပြည်အနှံ့

လျှောက်သွားကြမယ်၊

တွေးကြည့်ရုံနဲ့တင် သိပ်ကို ပျော်စရာကောင်းနေပါ

အဖေ့ကို သား လွမ်းတယ်၊

အဖေ ... အဖေရယ်"

ကိုကြည်သိန်းတစ်ယောက် ထိုမြင်ကွင်းကြော

အသက်ရှူရပ်မတတ်ကို အံ့အားသင့်သွားမိတယ်။

ဒီအချိန်မှာပဲ လှေကားပေါ်တက်လာတဲ့ ခြေသံကို ကြ

ရပြန်တယ်။

ယက္ခဆိုတဲ့ လူသန်ကြီးဟာ စားသောက်ဖွယ်ဗန်း

ပြီး ဝင်လာတယ်။

"သခင်ကြီးအတွက် မနက်စာရောက်ပါပြီ"

ယက္ခက ရိုကျိုးတဲ့အမူအရာနဲ့ ဝဏ္ဏမြိုင်ရဲ့ဘေး

ရပ်ရင်း ပြောလိုက်တယ်။

ဝဏ္ဏမြိုင်ဟာ စားသောက်ဖွယ်ရာပန်းကန်ကို လှမ်း



လိုက်ပြီး ...

"အဖေ ... ဒီနေ့လေ ...

သား အဖေသိပ်ကြိုက်တဲ့ ဝက်သားနီချက်

ချက်ထားတယ်၊

အဖေ စားလိုက်ဦးနော်၊

သားကိုယ်တိုင် ခွံ့ကျွေးမယ်နော်"

လို့ နှုတ်က တတွတ်တွတ် ရေရွတ်လိုက်တယ်။

ကိုကြည်သိန်းဟာ အရိုးစုကို ထမင်းခွံ့ကျွေးနေတဲ့ ဝဏ္ဏ

မြိုင်ကိုကြည့်ရင်း စိတ်ရှုပ်ထွေးသွားမိတယ်။

ဝဏ္ဏမြိုင်ဆိုတဲ့လူဟာ ဘာကြောင့် အရူးတစ်ယောက်ရဲ့

လုပ်ရပ်တွေ လုပ်နေလဲဆိုတာ တွေးရင်း သူ့စိတ်တွေ ရှုပ်ထွေး

နောက်ကျိသွားရတယ်။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၂)

BURMESE CLASSIC .com

ဒုန်း...ဒုန်း...ဒုန်း...ဒုန်း

ဆွဲငင်စွာ အူလိုက်တဲ့ခွေးသံကြောင့် ကိုကြည်သိန်းဟာ ပြတင်းပေါက်ရှိရာသွားပြီး တိတ်တဆိတ်ကြည့်ရှုလိုက်တယ်။

အိမ်မည်းကြီးရဲ့ ရှေ့မျက်နှာစာတစ်ခုလုံး မီးတုတ်တွေ လင်းနေအောင် ထွန်းညှိထားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ယက္ခနဲ့ကုမ္ဘာဏ်ဆိုတဲ့ လူသန်ကြီးနှစ်ယောက်ဟာ အိမ်မည်းကြီးရဲ့ ဝင်ပေါက်မှာရပ်ပြီး တစ်စုံတစ်ယောက်ကို စောင့်ကြ နေကြတယ်။

ဒါကို ကြည့်ခြင်းအားဖြင့် အောက်လမ်းဆရာကြီးဦးမှိုင် မရောက်သေးဘူးဆိုသော သိလိုက်ရတယ်။

ကိုကြည်သိန်းတစ်ယောက် မျှော်စင်အိမ်ကြီးပေါက နားက တိတ်တဆိတ်ဆင်းခဲ့တယ်။

ပြီးတော့ ... မြက်ရိုင်းပင်ရှည်တွေကြား ဝပ်တွားရင်း အိမ်မည်းကြီးဆီ ချဉ်းကပ်ခဲ့တယ်။

'ဂီး .. ဂစ် .. ဂစ်'

'ဖျပ် .. ဖျပ် .. ဖလပ်'

ငှက်ဆိုးတချို့နဲ့ လင်းတကောင်တွေ တောင်ပံသံပေး ရင်း အိမ်မည်းကြီးရဲ့ နဖူးစည်းထိပ်မှာ ခိုနားနေကြတယ်။

ငှက်ဆိုးသံတွေကြားတဲ့အခါ ဝတ်ရုံနက်ကြီးဝတ်ထား တဲ့ ဝဏ္ဏမြိုင်က အိမ်ကြီးထဲကနေ ထွက်လာပြီး ...

"ဆရာကြီး လာပြီ ... ဆရာကြီး လာပြီကွ၊

ဟား ... ဟား ... ဟား၊

ငါ့ရဲ့အိပ်မက်တွေ အကောင်အထည်ပေါ်တော့မယ်၊

ငါ့ရဲ့စောင့်စားမှုတွေ ပြီးပြတ်တော့မယ်၊

ဟား ... ဟား ... ဟား ... ဟား"

လို့ ကောင်းကင်ကို မော်ကြည့်ရင်း လက်နှစ်ဖက်ကို ကြွေးကြော်လိုက်တယ်။

ကိုကြည်သိန်းက မြက်ရိုင်းပင်တွေကြားကနေ သူတို့ရဲ့ အခြေအနေကို စိတ်လှုပ်ရှားစွာ စောင့်ကြည့်နေမိတယ်။

'ဂီး .. ဂီး .. ဂီး .. ဂီး'

ငှက်ဆိုးကောင်တွေရဲ့ မြည်အော်သံနဲ့အတူ လင်းတ ကောင်တွေဟာ ခြံဝကို ပျံသန်းသွားကုန်တယ်။

ယက္ခနဲ့ကုမ္ဘာဏ်ဟာ ခြံဝကို ခပ်သုတ်သုတ် လျှောက် သွားကြသလို ဝဏ္ဏမြိုင်ကိုယ်တိုင်လည်း လိုက်ပါသွားတယ်၊

ညအချိန်မတော်မှာ မြင်လိုက်ရတဲ့မြင်ကွင်းဟာ ကိုကြည် သိန်းအတွက် ခေါင်းမွေးထောင်မတတ် ကြက်သီးထသွားတော့ တယ်။

www.burmeseclassic.com

www.burmeseclassic.com



အနက်ရောင်ထဘီကို ရင်ရှားထားတဲ့ မိန်းမကြီးနှ
-ယောက်။

သူတို့ရဲ့ဦးခေါင်းပေါ်မှာ လူသေထည့်တဲ့ အခေါင်းကြ
ကို ထမ်းရွက်လာတယ်။

မိန်းမကြီးနှစ်ယောက်ရဲ့အလယ်မှာတော့ အပေါ်ပိုး
ဗလာကွင်းလျက် အရိုးခေါင်းလည်ဆွဲကို လည်မှာဆွဲထား
ရှတ်ဆိတ်ဗရပျစ်နဲ့ ဆရာမှိုင်း။

သူ့ရဲ့လက်တစ်ဖက်က ခေါင်းဆယ်လုံးပါတဲ့ ဘီ
ခေါင်းတောင်ဝှေးကြီးကို ကိုင်ထောက်ထားတယ်။

"ဆရာကြီး ... ဆရာကြီးကို ခရီးဦးကြိုပြုပါတယ်
ကြွပါ ခင်ဗျ ... ကြွပါ"

ဝဏ္ဏမြိုင်က ပျာပျာသလဲအမူအရာနဲ့ ခရီးဦးကြိုပြု
အိမ်မည်းကြီးဆီ ခေါ်လာတယ်။

အောက်လမ်းဆရာကြီးဦးမှိုင်းဟာ သူ့ရဲ့အလွန်
ကျယ်တဲ့ မျက်လုံးကြီးနဲ့ ပတ်ဝန်းကျင်ကို မျက်လုံးဝှေ့ကြ
လိုက်တယ်။





"ကျုပ် အိမ်ထဲမဝင်သေးဘူး၊
ကျုပ်ရဲ့တပည့်လက်သားတွေနဲ့
မိတ်ဆွေတွေကို စောင့်ရဦးမယ်"

ဆရာမှိုင်းရဲ့အသံကြောင့် ဝဏ္ဏမြိုင်က လွန်စွာရိုကျိုးတဲ့
ဟန်နဲ့ ...

"ကောင်းပါပြီ ဆရာကြီး၊
ဟော ယက္ခ ... ဆရာကြီးထိုင်ဖို့
ကတ္တီပါခုံ သွားယူခဲ့စမ်း"
လို့ စေခိုင်းလိုက်တယ်။

ကိုကြည်သိန်းဟာ သူတို့ရဲ့လုပ်ရပ်တွေကို သဲသဲကွဲကွဲ
ကြားသိချင်တဲ့အတွက် မြက်ရိုင်းပင်တွေကြားကနေ အိမ်မည်း
ကြီးနဲ့ အနီးဆုံးမှာရှိတဲ့ ပျဉ်းမပင်ကြီးရှိရာ ချဉ်းကပ်လိုက်တယ်။

ဒီအချိန်မှာပဲ ဆွဲဆွဲငင်ငင်အူလိုက်တဲ့ ခွေးအသံကြီးကို
ကျောချမ်းစဖွယ် အသံကြားလိုက်ရတယ်။

'အူး .. အူး .. အူး .. အူး .. အူး'

□□□

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၃)

'ဝရော. . .ရော. . .ရော. . .ရော'

တော်လည်းသံလို အသံကြီးနဲ့အတူ ကောင်းကင်တစ်ခုလုံး ပိုမှောင်သွားတယ်။

အရပ်လေးမျက်နှာက တိုက်ခတ်လာတဲ့ လေပြင်းတွေကြောင့် ကိုကြည်သိန်းတစ်ယောက် မျက်လုံးထဲ သဲမဝင်အောင်

www.burmeseclassic.com

www.burmeseclassic.com


ကာဆီးနေရတယ်။

ထဘီရင်ရှားနဲ့ မိန်းမကြီးနှစ်ယောက်က အခေါင်းကြီးရဲ့အဖုံးကို ဆွဲလှန်လိုက်တယ်။

အခေါင်းဖုံးကို လှန်လိုက်သည်နဲ့ တစ်ပြိုင်နက် ...

'ဝုန်း .. ဝုန်း .. ဝုန်း'

ဆိုတဲ့ အသံတွေ ကျယ်လောင်စွာ ကြားလိုက်ရတယ်။

အသံကြောင့် ကိုကြည်သိန်းဟာ မျက်လုံးတွေ ပွတ်သပ်ပြီး ကြည့်လိုက်မိတယ်။

အခေါင်းကြီးထဲက ထွက်ပေါ်နေတဲ့ အသံတွေ။

သူဟာ ယှဉ်လျက်ချထားတဲ့ အခေါင်းနှစ်လုံးကို သေချာကြည့်လိုက်မိတဲ့အခါ ...

"မိတ်ဆွေ ပရလောကသားများအတွက်"

"တပည့်လက်သား ပရလောကသားများအတွက်"

ဆိုတဲ့ စာတန်းတွေ တွေ့ရတယ်။

တဝုန်းဝုန်းအသံတွေ ငြိမ်သွားတဲ့အခါ ထဘီရင်ရှားနဲ့ မိန်းမကြီးတွေက အခေါင်းဖုံးတွေကို ပြန်ပိတ်လိုက်တယ်။

"ကဲ ... ကျုပ်ရဲ့တပည့်တွေတော့ အစုံအလင်ရောက်ရှိပြီ မနက်ဖြန်အတွက် ကျုပ်မှာထားတာတွေ အားလုံး ပြီးပြည့်စုံရဲ့လား မောင်ရင်"

ဆရာမှိုင်းက သူ့ရဲ့အက်ကွဲကွဲအသံကြီးနဲ့ စားလိုက်တဲ့အခါ ဝဏ္ဏမြိုင်က ...

"ဟုတ်ကဲ့ပါ ဆရာကြီး၊ ဆရာကြီး အမိန့်ရှိထားတဲ့အတိုင်း အားလုံး စီရင်ထားပါတယ်၊ လိုအပ်ချက်မရှိစေရပါဘူး ဆရာကြီးခင်ဗျ"

လို့ ပြန်ပြောလိုက်တယ်။

အောက်လမ်းဆရာကြီး ဦးမှိုင်းက ထိုင်ရာက တရှုပ်လိုက်ရင်း ...

"ကျုပ် ... သခင်ကြီးဦးလာဘနဲ့ တွေ့မယ်"

လို့ ပြောလိုက်တော့တယ်။

ဒီနောက်မှာတော့ သူတို့အားလုံး ချောင်စင်အိမ်ကြီးထဲက ပျောက်သွားကြတယ်။

www.burmeseclassic.com

www.burmeseclassic.com

ကိုကြည်သိန်းဟာ စိတ်လှုပ်ရှားစွာနဲ့ပဲ သူတို့ရဲ့မလှမ်းမကမ်းက တိတ်တဆိတ်လိုက်ပါသွားခဲ့တယ်။

မျှော်စင်အိမ်ကြီးပေါ်ရောက်တဲ့အခါ ယက္ခနဲ့ကုမ္ဘာဏ်ကန့်ရံကပ်မီးခွက်တွေမှာ မီးထွန်းညှိလိုက်တယ်။

ဆရာမှိုင်းက ကျောက်ခုံပေါ်မှာထိုင်နေတဲ့ အရိုးစုကြီးဆီ လျှောက်သွားတယ်။

အရိုးစုကြီးရှေ့ရောက်တဲ့အခါ ဦးညွှတ်အရိုအသေပြုရင်း

“ဒီနှစ်ပိုင်းတွေမှာ သခင်ကြီးအတွက်
ကျုပ်ဟာ မအိပ်မနေ ကြိုးစားခဲ့ပါတယ်၊
ဒီနေ့ ဒီအချိန်မှာ ကျုပ် ...
ပညာရပ်ရဲ့ နောက်ဆုံးအဆင့်ကို အောင်မြင်စွာ
ကျော်ဖြတ်ခဲ့ပြီးပါပြီ၊ ဒါကြောင့် ...
မနက်ဖြန်ကျရောက်မယ့် လပြည့်ညမှာ
သခင်ကြီးရဲ့ ဝိညာဉ်ကို
သခင်ကြီးရဲ့ ခန္ဓာကိုယ်ထဲ
ပြန်လည်အသက်သွင်းပေးနိုင်မှာ ဖြစ်တယ်၊



သခင်ကြီးအတွက် ကျုပ်ဟာ
ဖူးဆရာဦးဟိတ်ကို အောင်မြင်စွာ
လက်တုံ့ပြန်နိုင်ခဲ့ပါတယ်၊
အရာအားလုံးအတွက် သခင်ကြီး ကျေနပ်ပေးပါ၊
ကျုပ်ရဲ့အစီအရင် အထမြောက်ပြီးဆုံးဖို့
ဆုတောင်းခြင်းများ ပေးပါ သခင်ကြီး”

လို့ ကြေကွဲဆို့နင့်သံကြီးနဲ့ ရေရွတ်လိုက်တယ်။

ဒီအချိန်မှာပဲ ထဘီရင်ရှားနဲ့မိန်းမကြီးတွေက အရိုးစုကြီးရဲ့ရှေ့ချထားတဲ့ မြေအိုးကြီးထဲ အမှုန့်ဖြူတွေ ဖျန်းပက်လိုက်တယ်။

‘ဝုန်း’

ခနဲ အသံကြီးနဲ့ မီးတောက်ကြီးဖြစ်သွားပြီး ကျယ်လောင်တဲ့ အသံဆိုးတွေကို ကြားလိုက်ရတယ်။

ထိုအသံကြောင့် တံခါးဝရဲ့အပြင်မှာ ချောင်းမြောင်းကြည့်ရှုနေတဲ့ ကိုကြည်သိန်းတစ်ယောက် ဆတ်ခနဲ တုန်လှုပ်သွားမိတယ်။

www.burmeseclassic.com

ဘာကြောင့်လဲဆိုတော့ အဲဒီအသံတွေဟာ မကောင်းဆိုးဝါးတွေရဲ့ ညည်းတွားသံဆိုတာ သူ့အလိုလို သိလိုက်ရလို့ပါပဲ။

❒❒❒

# အပိုင်း (၁၄)

www.burmeseclassic.com

www.burmeseclassic.com

**ထိုနေ့သည်** မျှော်စင်အိမ်ကြီးရဲ့ ထောင့်တစ်နေရာ
ထိုင်ရင်း သူငိုက်မျဉ်းနေချိန် ...

တစ်စုံတစ်ယောက်ရဲ့ လှုပ်နှိုးခြင်းခံရသလို ခံစားလိုက်
တာကြောင့် သူ ဆတ်ခနဲ လန့်နိုးသွားရတယ်။

ဒါ့ကြောင့် အလင်းရောင်မှုန်ပျပျနေရတဲ့ ပြတင်းပေါ်

ထသွားပြီး ပတ်ဝန်းကျင်ရဲ့အခြေအနေကို **အကဲခတ်မိ**
တယ်။

အိမ်မည်းကြီးရဲ့နံဘေး တရွေ့ရွေ့သွားလာနေတဲ့
သဏ္ဌာန်တွေ ...

ကိုကြည်သိန်းတစ်ယောက် ထိုအရာတွေကိုကြည့်ရင်း
လိုစိတ်တွေ ပြင်းပြလာတယ်။

ဒါ့ကြောင့် မျှော်စင်အိမ်ကြီးပေါ်က တိတ်တဆိတ် ဆင်း
ကြပြီး အိမ်မည်းကြီးအနီး ချဉ်းကပ်ခဲ့တယ်။

အရိပ်ဖြူလို သဏ္ဌာန်တစ်ခုဟာ သူ့ရှေ့က ဖြတ်သွားပြီး
ိမ်မည်းကြီးရဲ့ခြံနောက်ဘက်ပိုင်းကို တရွေ့ရွေ့သွားနေတယ်။

ကိုကြည်သိန်းလည်း ထိုအရိပ်ဖြူကြီးနောက်ကို ထက်
ကြပ်မကွာ လိုက်သွားမိတယ်။

ခြံအနောက်ပိုင်းမှာရှိတဲ့ တွင်းကြီးတစ်ခုနားရောက်တဲ့
ခါ အရိပ်ဖြူကြီးဟာ ရုပ်တန့်သွားတယ်။

ပြီးတော့ ... ဆောင့်ကြောင့်ထိုင်ချလိုက်ရင်း တွင်းထဲ
လက်နှိုက်လိုက်တာ မြင်လိုက်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ကြည်သိန်းတစ်ယောက် တထိတ်ထိတ်မြည်နေတဲ့ နှလုံးခုန်သံနဲ့အတူ အဝတ်လှန်းထားတဲ့ တန်းနောက် အကွယ်အကွယ်ပြုပြီး စိတ်လှုပ်ရှားစွာ ကြည့်နေမိတယ်။

အရိပ်ဖြူကြီးက တွင်းထဲကအရာတွေကို နှိုက်ယူလိုက် မြေကြီးပေါ်တင်လိုက်လုပ်နေပြီး ...

"အလို ... တွင်းထဲက ဘာတွေများ နှိုက်နေပါလိမ့်၊
ငါမြင်နေရတဲ့ အရိပ်ဖြူကြီးဟာ
လူလား၊ မကောင်းဆိုးဝါးလား၊
ဟင် ... မြေကြီးပေါ်တင်ထားတဲ့အရာတွေကို
သူ ... သူ စားနေပြီ၊ မြိန်ရေရှက်ရေကြီးကို
စားနေပါလား"

ကိုကြည်သိန်းဟာ ထိုသို့တွေးလိုက်ရင်း အရိပ်ဖြူကြီးကို မျက်တောင်မခတ်စတမ်း ကြည့်နေမိတယ်။

ခဏမျှကြာတဲ့အခါ အရိပ်ဖြူကြီးဟာ ထရပ်လိုက်ပြီး အိမ်မည်းကြီးရှိရာ တရွေ့ရွေ့လျှောက်သွားတယ်။

အိမ်မည်းကြီးရဲ့နံရံဆီရောက်တော့ အိမ်နံရံထဲကို ထိုး



...ောက်ဝင်သွားတယ်။

"ဘုရား ... ဘုရား ... နံရံကြီးထဲ
ဒီအတိုင်း ဝင်သွားပါလား၊
ဒါ ... ဒါဆို အရိပ်ဖြူကြီးဟာ စုန်းကဝေပဲ ဖြစ်ရမယ်၊
ခုနက ဆောင့်ကြောင့်ထိုင်ပြီး သူစားနေတာ
ဘာတွေလဲ"

ကိုကြည်သိန်းတစ်ယောက် နှုတ်က ရေရွတ်လိုက်ရင်း ...င်းကြီးရှိရာ ချဉ်းကပ်လိုက်တယ်။

တွင်းကြီးရဲ့အနားကိုရောက်တော့ အလွန်ဆိုးတဲ့ အနံ့...က နှာခေါင်းထဲတိုးဝင်လာတယ်။

သူ့ခြေထောက်က ပျော့အိအိအရာကို တက်နင်းလိုက်မိ... 'ဗွပ်'ခနဲ အသံထွက်သွားတယ်။

ကိုကြည်သိန်းဟာ ခြေထောက်ကို ငုံ့ကြည့်ရင်း မျက်လုံး... ...သွားပြီး ...

"ဟာ ... ဒါ ... ဒါ ... ချေးတွေပဲ၊
ဒီတွင်းကြီးက ချေးတွင်းကြီး၊

www.burmeseclassic.com

www.burmeseclassic.com



ဒါ ... ဒါဆို ... ခုနက အရိပ်ဖြူကြီးက

ချေး ... ချေးစားစုန်းကြီးပေါ့”

လို့ တွေးမိစဉ်မှာပဲ မလှမ်းမကမ်းက ဖြတ်သွား အရိပ်တစ်ခုကို တွေ့လိုက်ရတယ်။

ဒါ့ကြောင့် မစင်တက်နင်းမိတဲ့ ဖိနပ်ကို ကမန်းကတ ချွတ်ပြီး ချေးတွင်းထဲ ပစ်ချလိုက်တယ်။

ပြီးတော့ ထိုအရိပ်နောက်ကို ခြေဖော့နင်းရင်း လို မိတယ်။

စုတ်ပြတ်သတ်နေတဲ့ ထဘီကြီးကို ရင်ရှားထား ဆံပင်ဖားလျားနဲ့ မိန်းမတစ်ယောက်။

သူမက လက်နှစ်ဖက်ကို ခါးမှာထောက်ရင်း ခြေ နင်းပုံစံနဲ့ တရွေ့ရွေ့သွားနေတယ်။

ကိုကြည်သိန်းလည်း ဒီမိန်းမ ဘာလုပ်မလဲ။

လူလား၊ စုန်းကဝေလားဆိုတာ သိချင်စိတ်နဲ့ မကြော မရွံ့ သူမနောက်က လိုက်သွားတယ်။

‘အီး .. အီး .. အား’



ထိုမိန်းမဆီက ရုတ်တရက် ကြားရတဲ့အသံကြောင့် သူ လန့်ဖျပ်ပြီး မြေပေါ် ဝပ်လိုက်ရတယ်။

ဆံပင်ဖားလျားနဲ့မိန်းမဟာ တအီးအီး တအားအား အော်ဟစ်သံနဲ့အတူ ကိုကြည်သိန်းရှိရာဘက်ကို တဖြည်းဖြည်း လှည့်လာတယ်။

ပြီးတော့ ... သူမရဲ့ ဆူထွက်နေတဲ့ ဝမ်းဗိုက်ကြီးကို လက်နဲ့ဖိရင်း မြေပေါ်လှဲချလိုက်တယ်။

ထိုမိန်းမရဲ့လုပ်ရပ်ကြောင့် ကိုကြည်သိန်း မျက်လုံးပြူး သွားရတယ်။

သူမဟာ ပေါင်ကြီးကို ဆန့်ကားလျက် မချိမဆံ့ ညည်း ညူနေတယ်။

ဒီအချိန်မှာပဲ သူမရဲ့ထဘီအောက်ကနေ သွေးတွေ ဆင်းထွက်လာပြီး မည်းမည်းအရာတစ်ခု ထွက်လာတယ်။

“ဟင် ... ဒီမိန်းမ ကလေး၊ ကလေး မွေးနေပါလား

ဒါဆို သူက မကောင်းဆိုးဝါး မဟုတ်ဘူး။

ငါ သွားပြီး အကူအညီပေးမှဖြစ်မယ်။

www.burmeseclassic.com

www.burmeseclassic.com



ငါ့မိန်းမ ခင်သက်ကိုယ်တိုင် မီးဖွားတဲ့ဒုက္ခကို သူ့လိုပဲ ခံစားခဲ့ရတာ ငါ ကြည့်နေလို့မဖြစ်ဘူး၊ ဟုတ်တယ်၊ ငါ ... ကူညီရမယ်"

ကိုကြည်သိန်းတစ်ယောက် ထိုသို့တွေးမိပြီး မြေပေါ်ဝပ်နေရတာ ထဖို့ပြင်လိုက်တယ်။

ဒီအချိန်မှာပဲ ပြောင်းလဲသွားတဲ့ မြင်ကွင်းကြောင့် သူ့အသက်ရှူရပ်မတတ် ထိတ်လန့်ကြောက်ရွံ့သွားမိတယ်။

□□□

# အပိုင်း (၁၅)

www.burmeseclassic.com

www.burmeseclassic.com

# 'ဟိုး..ဟိုး..ဟိုး..ဟိုး'

ကြောက်မက်ဖွယ်ကောင်းတဲ့ ရယ်သံကြီးနဲ့အတူ ထိုမိန်း မဟာ သူမပေါင်ကြားထဲက ကလေးငယ်ကို ကြမ်းတမ်းစွာ ဆွဲယူလိုက်တယ်။

ပြီးတော့ ...



အလွန်ပက်စက်တဲ့မြင်ကွင်း။

သူမရဲ့ ချွန်ထက်နေတဲ့ လက်သည်းရှည်ကြီးတွေနဲ့ ကလေးရဲ့ဝမ်းဗိုက်ကို 'စွပ်' ခနဲ ထိုးဖောက်လိုက်တယ်။

ကိုကြည်သိန်းတစ်ယောက် ထိုအဖြစ်ကိုကြည့်ရင်း ချွေး တဒီးဒီးကျမတတ် ချောက်ချားသွားရတယ်။

ထိုမိန်းမရဲ့ပါးစပ်တစ်ခုလုံး သွေးတွေစွန်းပေနေသလို အသက်ကင်းမဲ့နေတဲ့ ကလေးငယ်။

ကိုကြည်သိန်းဟာ သူမရဲ့လုပ်ရပ်ကို ကြောက်အား တကြီး ကြည့်နေမိစဉ်မှာပဲ ထိုမိန်းမဟာ သူ့ရဲ့မြင်ကွင်းကနေ ဖြုန်းခနဲ ကွယ်ပျောက်သွားတော့တယ်။

ထိုအဖြစ်အပျက်ကြီးကြောင့် ကိုကြည်သိန်းတစ်ယောက် အကြီးအကျယ် တုန်လှုပ်သွားမိတယ်။

စုန်း၊ ကဝေ၊ ပြိတ္တာ ... ဆိုတာတွေကို ဘုန်းကြီးဟောနဲ့ လူကြီးသူမတွေရဲ့ အိပ်ရာဝင်ပုံပြင်တွေမှာသာ သူ ကြားဖူးခဲ့တာ။

အခုတော့ ... ချေးစားစုန်းကိုမြင်ခဲ့ရသလို အတိတ်

www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ်ကြောင့် ကိုယ့်သားသမီး ကိုယ်ပြန်စားရတဲ့ ငရဲကျနေရှာတဲ့ ပြိတ္တာမကိုပါ သူ တွေ့မြင်နေရချေပြီ။

"ဟင့် ... ဟင့် ... ဟင့် ...

ဟင့် ... ဟင့် ... ဟင့် ..."

မိန်းမတစ်ယောက်ရဲ့ ငိုရှိုက်သံသဲ့သဲ့ကြီး။

အိမ်မည်းကြီးထဲကနေ သဲ့သဲ့လေး ထွက်ပေါ်လာတယ်။

ကိုကြည်သိန်းတစ်ယောက် အတွေးစပြတ်သွားပြီး အိမ်မည်းကြီးဘက် ချဉ်းကပ်လိုက်မိတယ်။

ဒီအချိန်မှာပဲ အိမ်ကြီးထဲက မီးရောင်လင်းလာတယ်။

အိမ်တံခါးမကြီးရဲ့ ဖွင့်သံကိုပါ ကြားလိုက်ရတဲ့အတွက် ကိုကြည်သိန်းဟာ မြက်ရိုင်းပင်တွေကြားကို အလျင်အမြန် ပြန်ပြေးခဲ့ရတယ်။

မျှော်စင်အိမ်ကြီးပေါ်ရောက်တဲ့အခါ အခန်းထောင့်မှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်မိတယ်။

ဒီည ... ကုန်ဆုံးတာနဲ့ လပြည့်နေ့ ရောက်ပြီ။

လပြည့်နေ့ရဲ့ညရောက်တာနဲ့ အောက်လမ်းဆရာကြီး



ဦးမှိုင်းဟာ လူသေကောင်အရိုးစုကြီးကို အသက်သွင်းပေးတော့မည်။

ဦးမှိုင်းဟာ တကယ်ပဲ အောက်လမ်းပညာနဲ့ လူသေကို အသက်သွင်းနိုင်ပါ့မလား။

ဒီနေရာရဲ့အရှင်သခင်ဖြစ်တဲ့ ဝဏ္ဏမြိုင်ဆိုတဲ့ လူကရော ဘာကြောင့် သူ့ဖခင်ရဲ့အလောင်းကို မြေမမြှုပ်ဘဲ ထားရှိခဲ့သလဲ။

အပြစ်မဲ့တဲ့ မခင်သက်နဲ့ရင်သွေးလေးကို ရက်ရက်စက်စက် သတ်ဖြတ်ခဲ့တဲ့ ဝဏ္ဏမြိုင်ကို ကောင်းကောင်းကြီး လက်တုံ့ပြန်ရပေတော့မည်။

ယုတ်ညံ့တဲ့ အစီအရင်တွေ၊ လူမဆန်တဲ့ ဝဏ္ဏမြိုင်တို့ လူစုကို သူ အစွမ်းကုန် တားဆီးနှိမ်နင်းရပေတော့မည်။

□□□

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၆)

ဒီနေ့ ... လပြည့်နေ့။

ခြံထဲမှာ ဝဏ္ဏမြိုင်နဲ့ အောက်လမ်းဆရာကြီးတို့ရဲ့ တပည့်တွေ ခြေချင်းလိမ်အောင် သွားလာနေတဲ့အတွက် ကို ကြည်သိန်းတစ်ယောက် အောက်မဆင်းဝံ့ဘူး။

တစ်နေ့ကုန်ပြီးတာနဲ့ ... ညသန်းခေါင်ယံအချိန်ကို

www.burmeseclassic.com

www.burmeseclassic.com


ရောက်ပြီ။

မိစ္ဆာတွေရဲ့ အသက်သွင်းပွဲကြီးကို သူ တားဆီးနိုင်ပါ့မလား။

အကယ်၍ သူ အရေးနိမ့်ခဲ့ရင် အရှင်လတ်လတ်ကြီး အသတ်ခံရမှာ။

အသက်သွင်းပွဲကြီးကို ဖျက်ဖို့ အားခဲထားပေမယ့် ဘယ်လိုဖျက်ရမလဲဆိုတာ ခုချိန်ထိ တွေးလို့မရဘူး။

ဒါ့ကြောင့် ...

"အို ... ငါ ဘာလို့ စစ်မရောက်ခင် မြားကုန်တဲ့

အတွေးမျိုး တွေးနေမိပါလိမ့်၊

မကောင်းမှုဟာ ကောင်းမှုကို ဘယ်တော့မှ

ယှဉ်လို့မရဘူး၊

အမျိုး, ဘာသာ, သာသနာအတွက်

ငါ ကောင်းတာလုပ်မယ်၊

သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တွေ

ငါ့ကို စောင့်ရှောက်မှာပါ၊

ဘာပဲဖြစ်ဖြစ် ညရောက်ရင် မီးစဥ်ကြည့်ကရမှာပဲ"

လို့ တွေးတောရင်း ဗိုက်ထဲက တကြုတ်ကြုတ်ဆာ...င်လာတယ်။

သူဟာ အရိုးစုကြီးအတွက် ရည်စူးထားတဲ့ ရေတ...င်းထဲက ရေကို ငုံ့ပြီး သောက်ချလိုက်မိတယ်။

ဒီအချိန်မှာပဲ မျှော်စင်အိမ်ကြီးပေါ်ကို တက်လာတဲ့ ခြေ... ကြားလိုက်ရတယ်။

ဒါ့ကြောင့် သူလည်း အလျင်အမြန် တံခါးဘေးကို သွား...ကပ်နေလိုက်ရတယ်။

တံခါးကြီး 'ကျွီ' ခနဲ ပွင့်သွားပြီး အလွန်မွှေးတဲ့ ဟင်းနံ့...သူ့နှာခေါင်းထဲ တိုးဝင်လာတယ်။

ကိုကြည်သိန်းဟာ ဗိုက်သိပ်ဆာနေချိန်မှာ ဟင်းနံ့ရတာ...င့် တံတွေးကို ကျိတ်မျိုချလိုက်မိတယ်။

တံခါးအနောက်ကနေ အသာချောင်းကြည့်လိုက်တော့...င်းဗန်းကိုင်ပြီး ဝင်လာတဲ့ ယက္ခကြီးကို တွေ့ရတယ်။

ယက္ခကြီးက စားပွဲပေါ်မှာ ဗန်းကို တင်လိုက်ရင်း ...

www.burmeseclassic.com



"သခင်ကြီးအတွက် ထမင်းဟင်းတွေ ယူလာပါ

အားပါးတရ သုံးဆောင်ပါ သခင်ကြီး ခင်ဗျ"

လို့ ရေရွတ်လိုက်တယ်။

ပြီးတော့ အရိုးပြာထည့်ထားတဲ့ မြေအိုးကြီးထဲကို

မှုန့်တွေ ထည့်ဖြည့်ပြီး မီးညှိလိုက်တယ်။

ကျောက်ခုံကြီးပေါ် ထိုင်နေတဲ့ အရိုးစုကြီးကို ဦး

အရိုအသေပြုပြီး တံခါးဝဆီ ပြန်လျှောက်လာတယ်။

'ဝှီး'

ကျယ်လောင်စွာ ထွက်ပေါ်လာတဲ့အသံကြောင့်

ကို ဆွဲပိတ်ဖို့ ပြင်လိုက်တဲ့ ယက္ခကြီးဟာ မျက်မှောင်ကြုတ်

တယ်။

ပြီးတော့ တံခါးနောက်ကို လှမ်းကြည့်ဖို့ ပြင်လိုက်

တံခါးနောက်မှာ ရှိနေတဲ့ ကိုကြည်သိန်းဟာ ဆာ

မှုကြောင့် မြည်သွားတဲ့ဗိုက်ကို ဒေါသထွက်မိရင်း အ

ကျယ် ထိတ်လန့်သွားတယ်။

ဒီအချိန်မှာပဲ ...



"ဟော့ ... ယက္ခ

သခင်လေး ခေါ်နေပြီ၊

အမြန်လာတော့"

ဆိုတဲ့ မှော်စင်အိမ်ကြီးအောက်က အသံကို ကြားလိုက်

ရတယ်။

သခင်လေးဆိုတဲ့အသံကြောင့် ယက္ခကြီးဟာ ကပျာ

ကယာနဲ့ တံခါးကို ဆွဲပိတ်လိုက်ပြီး လှေကားအတိုင်း ဆင်းသွား

တော့တယ်။

"ဟူး ... တော်ပါသေးရဲ့၊

ယက္ခကြီး ငါ့ကို မတွေ့သွားတာ သိပ်ကံကောင်းတယ်၊

တွေ့သွားရင်တော့ ဒီနေ့ည အသက်သွင်းပွဲမှာ

ငါ့အသက်ပါ ပါသွားနိုင်တယ်၊

ကံကြီးပေလို့"

ကိုကြည်သိန်းဟာ နှုတ်က ရေရွတ်ရင်း သက်ပြင်းချ

လိုက်မိတယ်။

ပြီးတော့ ထမင်းဟင်းတွေတင်ထားတဲ့ စားပွဲရှိရာ

www.burmeseclassic.com

လျှောက်သွားပြီး ...

"အသက်မဲ့တဲ့ အရိုးစုကြီးရေ့ ချထားတာထက်စာရင်

ငါ စားပစ်လိုက်တာ ပိုအကျိုးရှိတယ်"

လို့ပြောရင်း ထမင်းဟင်းတွေကို အားပါးတရ စား

သောက်ပစ်လိုက်တော့တယ်။

❐❐❐

# အပိုင်း (၁၇)

www.burmeseclassic.com

www.burmeseclassic.com

## နေဝင်ရီတရောအချိန် ...

မျှော်စင်အိမ်ကြီးပေါ်ကို လူသန်ကြီးကုမ္ဘာဏ် ရောက်လာတယ်။

ကုမ္ဘာဏ်ဟာ စားပွဲပေါ်က ပြောင်သလင်းခါနေတဲ့ ပန်းကန်ခွက်ယောက်တွေကိုကြည့်ပြီး အံ့အားသင့်သွားတယ်။



ချက်ချင်းဆိုသလို အပြေးတစ်ပိုင်းဟန်နဲ့ မျှော်စင်အိမ်အောက်ကို ပြေးဆင်းသွားတယ်။

တစ်ခဏမျှကြာတဲ့အခါ ဝဏ္ဏမြိုင်နဲ့ အောက်လမ်းဆရာတို့ ရောက်လာကြတယ်။

အောက်လမ်းဆရာကြီးက ပန်းကန်တွေကိုကြည့်ရင်း–

"ကျုပ်ရဲ့အစီအရင် အောင်မြင်ပေါက်မြောက်မှာ
သိပ်သေချာသွားပြီ၊
သခင်ကြီးရဲ့ဝိညာဉ်ဟာ အစားအသောက်တွေကို
အငွေ့မဟုတ်ဘဲ အတွေ့ စားသောက်နိုင်တဲ့
အနေအထား ဖြစ်သွားပြီ၊
ဒါဟာ ကျုပ်တို့ နှစ်ရှည်လများ ကြာအောင်
လူ့လက်ဖျံရိုးနဲ့ အလောင်းပြာကို စီရင်ခဲ့လို့ပဲ၊
ကောင်းတယ် ... သိပ်ကောင်းတဲ့နိမိတ်ပဲဟေ့"

လို့ အောင်မြင်ဝံ့ကြွားဟန်နဲ့ ရေရွတ်လိုက်တယ်။

အောက်လမ်းဆရာကြီး ဦးမှိုင်းရဲ့အပြောကြောင့် လူပ်ရှားရှားဖြစ်သွားပြီး ...

www.burmeseclassic.com

www.burmeseclassic.com


"ဝမ်း ... ဝမ်းသာလိုက်တာ ဆရာကြီးရယ်၊

ဒီနေ့ည ... ကျုပ်အဖေနဲ့ ပြန်တွေ့ရဖို့

သိပ်သေချာသွားပြီ၊

ဒီနေ့ည ... အဖေ့ကို အသက်သွင်းပြီးရင်

ကျုပ် ... ကျုပ် ... အဖေ ဘယ်တော့မှ

မသေဆုံးနိုင်တော့ဘူး၊

ကျုပ်တို့သားအဖ ပျော်ပျော်ကြီးနေရတော့မယ်၊

ခုချိန်မှာ ကျုပ်လောက်ပျော်တဲ့လူ ရှိမှာ

မဟုတ်ဘူး ဆရာကြီးရဲ့၊

ဟား ... ဟား ... ဟား

ဟား ... ဟား ... ဟား ... ဟား"

လို့ အရူးတစ်ယောက်လို ကြွေးကြော်လိုက်တယ်။

အောက်လမ်းဆရာကြီးဦးမှိုင်းက ကျေနပ်ဟန်နဲ့ ခေါ
တဆတ်ဆတ်ညိတ်လိုက်ရင်း ...

"တစ်ခုတော့ရှိတယ် မောင်ဝဏ္ဏမြိုင်ရဲ့...

သခင်ကြီး ရှင်သန်ထမြောက်လာတဲ့အခါ



နေ့စဉ်မပျက် သူ့ကို အမဲသွေး သောက်သုံးခိုင်းရမယ်၊

အဲဒါ သိပ်အရေးကြီးတဲ့ အချက်ပဲကွဲ့"

လို့ ပြောလိုက်တဲ့အခါ ဝဏ္ဏမြိုင်က ဦးမှိုင်းရဲ့လက်ကို
ဆုပ်ကိုင်လိုက်ရင်း ...

"စိတ်ချပါ ဆရာကြီး ...

အဖေ့အတွက် ကျုပ် နွားတွေအများကြီး

ဝယ်ထားလိုက်တယ်၊

စိတ်ချ ... စိတ်သာချ"

လို့ ရေရွတ်လိုက်တယ်။

ဦးမှိုင်းက ပြတင်းပေါက်ကို လှမ်းမျှော်ကြည့်ရင်း ...

"ကဲ ... အပြင်မှာ အမှောင်ကြီးစိုးသွားပြီ၊

သခင်ကြီးကို အဝတ်အစားသစ်တွေ

လဲလှယ်ပေးလိုက်တော့၊

ပြီးရင် ... အောက်ကို သယ်ခဲ့တော့"

လို့ အမိန့်ပေးလိုက်တယ်။

သေတ္တာစုတ်ကြီးထဲကနေ တိတ်တဆိတ် နားစွင့်နေတဲ့

www.burmeseclassic.com

ကိုကြည်သိန်းဟာ ဦးမှိုင်းရဲ့အပြောကြောင့် အကြီးအကျယ် စိတ်လှုပ်ရှားသွားမိတယ်။

သူဟာ မကြာမီအချိန်အတွင်းမှာ ယုတ်ညံ့တဲ့မိစ္ဆာတွေနဲ့ ရင်ဆိုင်ရတော့မည် မဟုတ်ပါလား။

ဦးမှိုင်းနဲ့ဝဏ္ဏမြိုင် ထွက်ခွာသွားတဲ့အခါ ၎င်းတို့ရဲ့ တပည့်တွေက အရိုးစုကြီးကို အဝတ်အစားအသစ်တွေ လဲလှယ်ပေးကြတယ်။

ထဘီရင်ရှားနဲ့ မိန်းမနှစ်ဦးက အရိုးပြာစိမ်ထားတဲ့ မြေအိုးကြီး မ,ရင်း ရှေ့က သွားကြတယ်။

ယက္ခနဲ့ကုမ္ဘာဏ်တို့က အရိုးစုကြီးကို အသာအယာ ပွေ့ချီရင်း နောက်က လိုက်ပါသွားကြတယ်။

အရိုးစုကြီး အပြင်ရောက်သွားသည်နဲ့တစ်ပြိုင်နက် သန်းခေါင်ချိန်မဟုတ်ဘဲ အူလိုက်တဲ့ ခွေးအူသံဆိုးကြီးက အဆက်မပြတ်ထွက်ပေါ်လာတော့တယ်။

'အူး ... အူး ... အူး ... အူး ... အူး'

□□□

# အပိုင်း (၁၈)

www.burmeseclassic.com

## သန်းခေါင်ချိန်ရောက်တဲ့အခါ...

အိမ်မည်းကြီးမှာ ရှိသမျှ တံခါးပေါက်အားလုံး ဟင်းလင်းဖွင့်ထားတယ်။

ဒါကြောင့် ကိုကြည်သိန်းဟာ အိမ်ကြီးထဲကို လွယ်လွယ်ကူကူ တိတ်တဆိတ် ဝင်ရောက်နိုင်ခဲ့တယ်။



အံ့သြဖို့ကောင်းတာက အိမ်ကြီးတစ်ခုလုံး တိတ်ဆိတ်ပြီး မှောင်မိုက်နေတယ်။

ပြတင်းပေါက်က တိုးဝင်တဲ့ လအလင်းရောင်လောက်သာ အိမ်ကြီးထဲမှာ မြင်နေရတယ်။

သူဟာ တစ်ခန်းဝင် တစ်ခန်းထွက်ရင်း အောက်လမ်းဆရာကြီးတို့လူစုကို ရှာဖွေမိတယ်။

အမှောင်ထဲ စမ်းတဝါးဝါးသွားရင်း အလင်းရောင် လုံးဝမရှိတဲ့ အခန်းတစ်ခုထဲ သူ ရောက်သွားတယ်။

အောက်သိုးသိုးအနံ့ကြီးကြောင့် နှာခေါင်းကို လက်နဲ့အုပ်လိုက်မိပြီး တွေးမရအောင် ဖြစ်မိတယ်။

ဒီညမှာ အောက်လမ်းဆရာကြီးတို့လူစု အရိုးစုကြီးကို အသက်သွင်းပွဲ ကျင်းပပေမည်။

သို့သော် ၎င်းတို့အားလုံး အရိပ်မျှပင် မမြင်ရအောင် ကြက်ပျောက်ငှက်ပျောက် ပျောက်ဆုံးနေကြတယ်။

အသက်သွင်းပွဲကို ဒီအိမ်ကြီးမှာ မဟုတ်ဘဲ တခြားနေရာမှာများ သွားကျင်းပလေရော့သလား။

www.burmeseclassic.com

www.burmeseclassic.com

ဒါလည်း မဖြစ်နိုင်ပေ။

သူတို့တွေ အရိုးစုကြီးကို မျှော်စင်အိမ်ကြီးပေါ်က
အိမ်မည်းကြီးဆီ သိုယ်ဆောင်သွားကြတာ သူ မျက်မြင်ပင်

'ဒုန်း .. ဂလုံ'

အသံကြောင့် သူ အတွေးစပြတ်သွားရတယ်။

ငုံ့ကြည့်လိုက်တော့ သူ့ခြေထောက်က သံပုံးတစ်ခုကို
ခလုတ်တိုက်မိပြီး အနံ့တစ်ခု နှာခေါင်းထဲ တိုးဝင်လာတယ်။

"ဟင် ... ငါ ရေနံဆီပုံးကို ခလုတ်တိုက်မိပါလား၊

ဒီအနံ့ကြောင့် တစ်ယောက်ယောက်

ငါ့ကို တွေ့သွားရင် ဒုက္ခ၊

ရေနံဆီတွေလည်း ဖိတ်ကုန်ပြီ"

ကိုကြည်သိန်းဟာ နှုတ်က ရေရွတ်ရင်း ရေနံဆီပုံးကို
ပြန်ထောင်လိုက်တယ်။

ဒီအချိန်မှာပဲ သူ့မျက်လုံးထောင့်က အလင်းရောင်တစ်ခု
ရိပ်ခနဲ ဖြတ်သွားသလို ခံစားလိုက်ရတယ်။

ဒါ့ကြောင့် ...

အနောက်ကို ဆတ်ခနဲ လှည့်ကြည့်လိုက်မိတယ်။

မီးအိမ်ကိုင်ထားတဲ့ အရိပ်တစ်ခု အခန်းရှေ့က ဖြတ်
သွားတယ်။

သူလည်း စိတ်လှုပ်ရှားသွားပြီး ထိုအရိပ်နောက်ကို
အသာလိုက်ခဲ့တယ်။

မီးအိမ်ကိုင်ထားတဲ့လူဟာ အခန်းတစ်ခန်းထဲဝင်သွားပြီး
အဝတ်ဗီရိုဟောင်းကြီးတစ်လုံးရှေ့ မတ်တတ်ရပ်လိုက်တယ်။

ပြီးတော့ ... ဗီရိုကြီးရဲ့တံခါးကို အသာဆွဲဖွင့်ပြီး အထဲ
ဝင်သွားတာ တွေ့လိုက်ရတယ်။

"အလို ... ထူးဆန်းလှချည်လား၊

ဟိုလူ ဗီရိုကြီးထဲ ဝင်သွားတယ်၊

ဒါဟာ ... လူလား၊ နာနာဘာဝလား၊

အို ... ဘာပဲဖြစ်ဖြစ် သိရအောင်တော့

ငါ သွားကြည့်လိုက်မယ်"

ကိုကြည်သိန်းဟာ စိတ်လှုပ်ရှားစွာပဲ အဝတ်ဗီရိုဆီ
ချဉ်းကပ်ခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com

စိတ်လှုပ်ရှားမှုကြောင့် အေးစက်တုန်ယင်နေတဲ့ လက်အစုံနဲ့ ဗီရိုတံခါးကို အသာဆွဲဖွင့်လိုက်မိတယ်။

'ကျွီ' ... ခနဲ အသံနဲ့အတူ တံခါးပွင့်သွားတဲ့အခါမှာတော့ သူ အကြီးအကျယ် အံ့အားသင့်သွားရတယ်။

"ဟင် ... ဗီရိုကြီးထဲမှာ

မီးရောင်တွေ လင်းနေပါလား"

ဗီရိုကြီးထဲ ငုံ့ကြည့်လိုက်တော့ မြေသားကို ထွင်းထုထားတဲ့ လှေကားထစ်တွေ တွေ့လိုက်ရတယ်။

ကိုကြည်သိန်းတစ်ယောက် မဟာစွန့်စားခန်းကြီး စ,ရပေတော့မည်။

လှုပ်ရှားနေတဲ့စိတ်ကို တည်ငြိမ်အောင် ထိန်းချုပ်ရင်း လှေကားထစ်တွေအတိုင်း သူ ဆင်းခဲ့တယ်။

ကြောင်လိမ်လှေကားထစ်တွေရဲ့ တစ်ဝက်လောက်ရောက်တဲ့အခါ အလင်းရောင်ပိုမြင်ရပြီး စကားပြောသံတွေပါ ကြားလိုက်ရတယ်။

ဒါ့ကြောင့် ဆက်မသွားဘဲ အရိပ်အခြည်ကို အကဲခတ်



…ိတယ်။

ဒီအခါမှာ သူဌေးကြီး ဦးလာဘရဲ့ အရိုးစုကြီးကို မီးတိုင်တွေ လေးဖက်လေးတန် ကာရံထားတာ တွေ့လိုက်ရတယ်။

အရိုးစုကြီးကို တွေ့လိုက်ရတာကြောင့် ကိုကြည်သိန်းတစ်ယောက် အားတက်သွားတယ်။

အောက်လမ်းဆရာကြီးဦးမှိုင်းဟာ အရိုးစုကြီးအတွက် အသက်သွင်းပွဲကြီးကို မြေအောက်ခန်း၌ ကျင်းပပေတော့မည်။

ကိုကြည်သိန်းဟာ အခြေအနေကို အကဲခတ်ဖို့အတွက် လှေကားသုံးထစ်မျှ သက်ဆင်းလိုက်တယ်။

ဒီအခါမှာ အောက်လမ်းဆရာကြီးဦးမှိုင်းတို့လူစုနဲ့ ဝဏ္ဏ-မြိုင်တို့ကို အထင်အရှားတွေ့လိုက်ရတယ်။

ကျောက်တလားပေါ် လဲလျောင်းနေတဲ့ အရိုးစုကြီးရဲ့ရှေ့ အနက်ရောင်ဝတ်ရုံကြီးနဲ့ တင်ပျဉ်ခွေထိုင်နေတဲ့ ဆရာမှိုင်း။

ဆရာမှိုင်းရဲ့လက်အစုံက အလွန်ထူထဲတဲ့ စာအုပ်ကြီးတစ်အုပ်ကို တရိုတသေဟန်နဲ့ ကိုင်ထားတယ်။

၎င်းရဲ့ဘေးတစ်ဖက်စီမှာတော့ ထဘီရင်ရှား အရိုးဆံထိုး

www.burmeseclassic.com



ကို ဆံထုံးမှာ စိုက်ထားတဲ့ တပည့်မနှစ်ယောက်။

ရင်းတို့ရဲ့ နောက်မှာတော့ ကတ္တီပါကော်ဇောပေါ် ေ

သေသပ်သပ်ထိုင်နေတဲ့ ဝဏ္ဏမြိုင်။

ယက္ခကြီးနဲ့ကုမ္ဘာဏ်တို့က ဝဏ္ဏမြိုင်ရဲ့ဘေးတစ်ဖက်

ရပ်နေကြတယ်။

အောက်လမ်းဆရာကြီးဦးမှိုင်းဟာ ကျောက်တလားကြ

ကို မျက်နှာမူထိုင်နေရာက ဝဏ္ဏမြိုင်ဘက် လှည့်ထိုင်လိုက်

တယ်။

ပြီးတော့ ... စာအုပ်အထူကြီးကို ထောင်ပြရင်း ...

"မောင်ဝဏ္ဏမြိုင် ... ကျုပ်ဟာ ဒီနှစ်တွေမှာ

ပညာရပ်ရဲ့ နောက်ဆုံးအဆင့်ဖြစ်တဲ့

မှော်တစ်ခုကို အောင်မြင်ပေါက်မြောက်ခဲ့တယ်၊

ကျုပ် ပေါက်မြောက်ခဲ့တဲ့မှော်ဟာ

ဟောဒီကျမ်းမှာပါတဲ့ မီးစုန်းမှော်ပဲ၊

ကျုပ်ရဲ့နှုတ်က မန္တန်ရွတ်လိုက်တာနဲ့

မီးစုန်းတွေဟာ ကျုပ်ရဲ့ရှေ့မှောက်





အခစား ဝင်ကြလိမ့်မယ်ကွဲ့၊

သခင်ကြီးရဲ့ ရုပ်အလောင်းကိုလည်း

မီးစုန်းမှော်နဲ့ပဲ ကျုပ်အသက်သွင်းမှာ ဖြစ်တယ်၊

ကဲ ... အချိန်ကျရောက်ပြီ၊

လေးဖက်လေးတန်ရဲ့ တံခါးကဲလားတွေကို

ဖွင့်လိုက်ပါတော့"

လို့ အသံဝါကြီးနဲ့ အမိန့်ပေးလိုက်တယ်။

ဒီစကားကြားလိုက်ရတဲ့ ကိုကြည်သိန်းဟာ မြေအောက်

ခန်းထဲ တံခါးဖွင့်ခိုင်းခြင်းကို စဉ်းစားမရနိုင်အောင် ဖြစ်သွားရ

တယ်။

❒❒❒

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၉)

ကိုကြည်သိန်းတစ်ယောက် မြင်လိုက်ရတဲ့ မြင်ကွင်းကြောင့် မယုံနိုင်လောက်အောင် ဖြစ်သွားရတယ်။

မြေအောက်ခန်းကြီးရဲ့ လေးဖက်လေးတန် နံရံအားလုံး ဖြည်းဖြည်းချင်း ပွင့်သွားတယ်။

နံရံတွေ ပွင့်သွားတာနဲ့ တစ်ပြိုင်နက် စိတ်ချောက်ချား

www.burmeseclassic.com

www.burmeseclassic.com

ဖွယ်ကောင်းတဲ့ မြင်ကွင်းကို မြင်ရပြန်တယ်။

ဆွဲဆွဲငင်ငင်အူနေတဲ့ ခွေးအူသံနဲ့အတူ တိတ်ဆိတ် ခြောက်ကပ်နေတဲ့ သင်္ချိုင်းကုန်းကြီး။

တဝေ့ဝေ့တိုက်ခတ်လာတဲ့ လေတွေက မြေအောက်ခန်း မှာ ထွန်းထားတဲ့ မီးတိုင်တွေကို လှုပ်ယမ်းစေတယ်။

အောက်လမ်းဆရာကြီးဦးမှိုင်းရဲ့ အနက်ရောင်ဝတ်ရုံကြီး ဟာလည်း လေထဲ တလွင့်လွင့်။

'အူး .. အူး .. အူး .. အူး .. အူး'

အဆက်မပြတ်အူနေတဲ့ ခွေးအူသံတွေ ရပ်သွားတဲ့အခါ အောက်လမ်းဆရာကြီးဦးမှိုင်းက မီးစုန်းမှော်ကျမ်းကို စဖွင့်လိုက် တယ်။

မီးနေသည်အစိမ်းသေရဲ့ ထဘီစကို မီးစာကျစ်ထားတဲ့ အစီအရင်ဖယောင်းတိုင်အတုတ်ကြီးကို စတင်မီးညှိလိုက်တယ်။

မီးညှိလိုက်တာနဲ့တစ်ပြိုင်နက် တော်လည်းသံလိုလို၊ ငို ညည်းသံလိုလို မကောင်းဆိုးဝါးသံကြီးက ထွက်ပေါ်လာတယ်။

'ဟီး .. အီး .. ဟီး ..ဟီး

ဟီး .. ဟီး .. ဟီး .. ဟီး'

ထိုမိစ္ဆာသံကြီးကြောင့် ကိုကြည်သိန်းတစ်ယောက် ဘာ ကြောင့်မှန်းမသိဘဲ ကြက်သီးဖျန်းခနဲ ထမိပြီး ကျောထဲ စိမ့်ခနဲ ဖြစ်သွားတယ်။

"ဟိတ် ... ငါဆရာ ... ဆရာမှိုင်း အမိန့်၊

အထက် အောက် အလယ် အရပ်သုံးပါးမှာရှိတဲ့

မီးစုန်းအတတ် တတ်မြောက်ကုန်သော မီးစုန်းအပေါင်း

ငါဆရာ ဆရာမှိုင်း ခြေရင်း

ခုချက်ချင်း ရောက်စေ ... ရောက်စေ ... ရောက်စေ

... ဦ၊"

အောက်လမ်းဆရာကြီးဦးမှိုင်းက ရင်ခေါင်းသံကြီးနဲ့ ကြွေးကြော်ရင်း ဖနောင့်တစ်ချက် ဆောင့်လိုက်တယ်။

ဒီအချိန်မှာပဲ အပြင်က ရိုက်ခတ်လာတဲ့ လေတွေက ပြင်းလာပြီး တော်လည်းသံလိုအသံကြီးကိုပါ ထပ်ကြားလိုက် တယ်။

ကိုကြည်သိန်းတစ်ယောက် အောက်လမ်းဆရာမှိုင်းရဲ့

www.burmeseclassic.com

www.burmeseclassic.com

လုပ်ရပ်ကို မျက်တောင်မခတ်တမ်း ငေးစိုက်ကြည့်နေမိတယ်။

"ကဲလာ ... မီးစုန်းစာ ကျွေးရမယ့်အစာတွေ ယူခဲ့စမ်း"

ဦးမှိုင်းရဲ့အပြောကြောင့် ဝဏ္ဏမြိုင်က ကုမ္ဘာဏ်ကြီးကို

အချက်ပြလိုက်တယ်။

ကုမ္ဘာဏ်ကြီးက စားပွဲရှည်ကြီးပေါ်တင်ထားတဲ့ ကလပ်

ခွက်ကိုယူပြီး ဝဏ္ဏမြိုင်ထံ ပေးလိုက်တယ်။

"ဒါက မွေးကင်းစကလေးရဲ့

လတ်ဆတ်တဲ့သွေးပါ ဆရာကြီး"

ဝဏ္ဏမြိုင်ရဲ့အပြောကြောင့် ကိုကြည်သိန်းဟာ ရင်ထဲနင့်

နင့် နာကျင်သွားရတယ်။

အိမ်မည်းကြီးက သူထွက်ပြေးဖို့ ကြိုးစားတဲ့ည။

"ဟင် ... ဒါ ... ဒါဆို

သူ ... သူတို့ ငါ့ရင်သွေးလေးကို သတ်ဖြတ်ပြီး

အတွင်းကလီစာတွေကို မြေမြှုပ်တယ်၊

ပြီး ... ပြီးတော့ ...

သွေး ... သွေးကို ယူလိုက်ကြတယ်ပေါ့၊



တောက် ... ယုတ်မာပက်စက်တဲ့ လူတိရစ္ဆာန်တွေ၊

ဒင်းတို့ကို ငါ့ရင်သွေးအတွက် အသက်သေရင်

သေပါစေ ကောင်းကောင်းကြီး လက်တုံ့ပြန်ရမယ်"

ကိုကြည်သိန်းဟာ ယူကျုံးမရဖြစ်စိတ်နဲ့အတူ လှေကား

နံရံကို လက်သီးနဲ့ ဆင့်ကာ ဆင့်ကာ ထိုးလိုက်မိတယ်။

ဒီအချိန်မှာပဲ ...

"ဒါကတော့ မီးစုန်းကျွေးဖို့ ဆရာကြီး ပြောထားတဲ့

လူပါ ဆရာကြီး"

ဝဏ္ဏမြိုင်ရဲ့အသံကြောင့် ကိုကြည်သိန်းတစ်ယောက်

ဆတ်ခနဲ လှည့်ကြည့်မိတယ်။

သူ့ခေါင်းတစ်ခုလုံး ချာချာလည်မတတ် ခံစားလိုက်ရ

ပြီး အကြီးအကျယ် ထိတ်လန့်တုန်လှုပ်သွားရတယ်။

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၂၀)

**ယက္ခကြီးလက်မှာ** လက်ပြန်ကြိုးတုပ်ခံရရင်း တရွတ်ဆွဲပါလာတဲ့ မိန်းမတစ်ယောက်။

ထိုမိန်းမက အော်ဟစ်ရုန်းကန်ဖို့ ကြိုးစားတဲ့အတွက် ယက္ခကြီးဟာ သူမရဲ့ပါးကို ဖျန်းခနဲ ရိုက်ချလိုက်တယ်။

အောက်လမ်းဆရာကြီးဦးမှိုင်းက မျက်လုံးဇွေကြည့်ရင်း

www.burmeseclassic.com

www.burmeseclassic.com

သူမရဲ့ဆံပင်ကို အရင်းကနေ ဆောင့်ဆွဲယူလိုက်တယ်။

သူမရဲ့နာကျင်မှုကြောင့် အော်ဟစ်ညည်းညူသံက ကိုကြည်သိန်းရဲ့ အသည်းနှလုံးကို အရှင်လတ်လတ် ဆွဲနှုတ်လိုက်သလို ခံစားလိုက်ရတယ်။

သူသေပြီလို့ ယူဆထားတဲ့ ဇနီးသည်မခင်သက်။

သူ့မျက်လုံးရှေ့မှာတင် မိစ္ဆာတွေရဲ့ ညှဉ်းပန်းနှိပ်စက်မှုကို မရှုမလှခံနေရချေပြီ။

ကိုကြည်သိန်းတစ်ယောက် မိန်းမဖြစ်သူရဲ့ အဖြစ်ဆိုးကို ကြည့်ရင်း မျက်ရည်ပေါက်ပေါက် ကျမိတယ်။

"ဖြစ်ရလေ ခင်သက်ရယ် ...

ငါ့မိန်းမကို ကယ်တင်ဖို့ ငါ ... ငါ ဘာလုပ်ရမလဲ၊

ဘာလုပ်ရမလဲ ... ဘာလုပ်ရမလဲ"

ကိုကြည်သိန်းဟာ ဇနီးဖြစ်သူကို ကယ်တင်နိုင်ဖို့ အစွမ်းကုန် အကြံထုတ်ကြည့်လိုက်တယ်။

သူ့ခေါင်းထဲ တစ်စုံတစ်ခုကို ဖျတ်ခနဲ ပြေးမြင်မိတယ်။

ဒါ့ကြောင့် လက်သီးကို ကျစ်နေအောင်ဆုပ်ပြီး ကြောင်





လိမ်လျှောကားထစ်တွေပေါ် အပြေးအလွှားတက်သွားလိုက်တယ်။

ဒီအချိန်မှာပဲ မြေအောက်ခန်းကြီးရဲ့ လေးဖက်လေးတန်ကနေ အလင်းရောင်တွေ ဖြာကျလာတယ်။

အရှိန်နဲ့လိမ့်ပြီး လေထဲပျံဝဲလာတဲ့ မီးလုံးကြီးတွေ ...

မီးလုံးကြီးတွေကို မြင်တဲ့အခါ အောက်လမ်းဆရာကြီး ဦးမှိုင်းဟာ အောင်မြင်ဝံ့ကြွားဟန်နဲ့ ...

"ဟား ... ဟား ... ဟား ... ဟား ...

အောင်ပြီ ... အောင်ပြီ၊

မီးစုန်းကျမ်းကြီးကို ငါဆရာ

ထုံးလိုချေ၊ ရေလိုနှောက်နိုင်ပြီကွ၊

ဟား ... ဟား ... ဟား ... ဟား ... ဟား"

လို့ အသံဝါကြီးနဲ့ ကြုံးဝါးလိုက်တယ်။

မီးလုံးကြီးတွေဟာ ဦးမှိုင်းရဲ့ ပတ်ပတ်လည်မှာ ဝန်းရံနေတယ်။

"ကဲ ... ကဲ ... နင်တို့အားလုံး

www.burmeseclassic.com

www.burmeseclassic.com



မှုလရုပ်သဏ္ဌာန်နဲ့ ငါဆရာကို

ဂါရဝပြုစေ”

ဆရာမှိုင်းရဲ့ စကားဆုံးတဲ့အခါ မီးလုံးကြီးတွေဟာ ရဲရဲ တောက် အရောင်အဆင်းရှိရာက တဖြည်းဖြည်း အရောင်မှိန် သွားတယ်။

စက္ကန့်ပိုင်းလောက်ကြာတဲ့အခါ မီးလုံးကြီးတွေ ပျောက် ကွယ်သွားပြီး ပုံရိပ်တွေ ပေါ်လာတယ်။

ပုံရိပ်တွေဟာ တဖြည်းဖြည်း ရုပ်လုံးပေါ်လာတဲ့အခါ မှာတော့ အနက်ရောင်ထဘီကြီးတွေ ရင်ရှားထားပြီး ကြောက် မက်ဖွယ်ရုပ်အဆင်းနဲ့ မိန်းမကြီးတွေကို တွေ့လိုက်ရတယ်။

သူတို့ဟာ ခြေချိတ်ထိုင်နေတဲ့ ဆရာမှိုင်းရှေ့ ဝပ်တွားပြီး ဦးညွှတ်အရိုအသေပြုကြတယ်။

အောက်လမ်းဆရာကြီးဦးမှိုင်းက နှုတ်ခမ်းမွေးကြီးကို လက်နဲ့သပ်ရင်း ...

“ဟဲ့ ... မီးစုန်းကောင်မတွေ

နင်တို့အားလုံးကို ငါဆရာ ... ဆရာမှိုင်း စေခိုင်းတယ်၊



ဟောဒီ ကျောက်သားပေါ်လဲလျောင်းနေတဲ့

ငါ့သခင်ကြီးကို ...

လူသားစစ်စစ်ဖြစ်အောင် နင်တို့အားလုံး

အသက်သွင်းရမယ်၊

လွဲချော်မှု, တိမ်းစောင်းမှု, မှားယွင်းမှု

အလျှင်းမရှိစေရ၊

ငါဆရာ ခိုင်းတာကို တစ်သဝေမတိမ်းလုပ်၊

မီးစုန်းမအားလုံးကို ငါဆရာ အစာကျွေးမယ်၊

ကဲ ... အားလုံး အစာကို ဦးဆုံးသွားစားချေစမ်း”

လို့ အမိန့်ပေးလိုက်တဲ့အခါ မီးစုန်းမတွေဟာ ကလပ် ခွက်ထဲက သွေးတွေကို အလုအယက် သောက်သုံးကြကုန် တယ်။

ဝဏ္ဏမြိုင်က ပျော်ရွှင်ကြည်နူးနေတဲ့ ဟန်ပန်နဲ့ ...

“သောက်ကြပါဗျ၊ ဝဝလင်လင်ကြီးကို

သောက်သုံးကြပါ၊

မီးစုန်းသခင်မကြီးတွေအတွက်

www.burmeseclassic.com

www.burmeseclassic.com



လူသားမိန်းမကိုလည်း ပသထားပါတယ်၊

ကျုပ် ဖခင်ကို အမြန်ဆုံး အကောင်းပကတိဖြစ်အောင်

စီမံပေးပါ ခင်ဗျ"

လို့ အားတက်သရော ပြောလိုက်တယ်။

မီးစုန်းတွေဟာ ကလေးငယ်ရဲ့သွေးကို ဝလင်စွာ သောက်သုံးပြီးတဲ့အခါ သူတို့ရဲ့ မျက်လုံးတွေက လက်ပြန်ကြိုး တုပ်တိုင်မှာ ချည်ထားတဲ့ မခင်သက်ဆီ ရောက်သွားကြတယ်။

မီးစုန်းမတွေဟာ ဆာလောင်မွတ်သိပ်ဟန်နဲ့ မခင်သက် ရှိရာ ချဉ်းကပ်သွားကုန်တယ်။

ဝဏ္ဏမြိုင်က ကျေနပ်တကြီးပုံစံနဲ့ ကြည့်ရင်း ...

အသွားချွန်ထက်နေတဲ့ ဓားမကြီးကို မီးစုန်းမတစ်ဦးထံ တရိုတသေ ကမ်းပေးလိုက်တယ်။

မီးစုန်းမကြီးက ဓားမကြီးကို ကျစ်နေအောင် ဆုပ်ကိုင် လိုက်ရင်း ...

"ဟီး ... ဟီး ... ဟီး ... ဟီး

မီးနေသည်မိန်းမရဲ့ လတ်ဆတ်တဲ့ နှလုံးကို

မစားရတာ သိပ်ကြာပြီ၊

ကျေးဇူးတင်တယ် ဆရာမှိုင်း၊

ဒီကောင်မရဲ့ နှလုံးကို ငါတို့ စားပြီးတာနဲ့

ဆရာမှိုင်း လိုရာဖြစ်စေရမယ်"

လို့ ကြောက်မက်ဖွယ်အသံကြီးနဲ့ ကြုံးဝါးလိုက်တယ်။

မခင်သက်တစ်ယောက် ဓားမကြီးဝှံ့လာတဲ့ မကောင်း ...းဝါးမတွေကိုကြည့်ရင်း သွေးပျက်မတတ်ထိတ်လန့်သွားပြီး ...အား ခနဲ အသံကုန်အော်လိုက်မိတယ်။

မီးစုန်းမတွေဟာ သူမရဲ့ပတ်ပတ်လည် ဝန်းရံလျက် ...မကိုင်မီးစုန်းမက ဓားနဲ့ ရင်ဝကို ချိန်ရွယ်လိုက်တယ်။

မခင်သက်တစ်ယောက် ငယ်သံပါအောင် အော်ဟစ်သံ ...တူ မျက်ရည်ပိုးပိုးပေါက်ပေါက်ကျပြီး မျက်လုံးစုံမှိတ်ထား ...က်တယ်။

သူမ ... အရှင်လတ်လတ်ကြီး ရင်ခွဲခံရတော့မည်မဟုတ် ...လား။

□□□

www.burmeseclassic.com

# အပိုင်း (၂၁)

မီးရှန်းမကြီးဟာ မခင်သက်ရဲ့ရင်ဝပေါ် တားမ ကြီးကို ချိန်ရွယ်လိုက်တယ်။

အောက်လမ်းဆရာကြီးဦးမှိုင်းက မီးစုန်းတွေရဲ့ လုပ်ရပ် ကျေနပ်ဟန်နဲ့ ရှုးစိုက်ကြည့်နေသလို ...

ဝဏ္ဏမြိုင်တို့သုံးယောက်ကလည်း အရိုးစုကြီး အသက်

www.burmeseclassic.com

www.burmeseclassic.com


သွင်းနိုင်ဖို့ စိတ်လှုပ်ရှားစွာ စေးစိုက်ကြည့်နေကြတယ်။

မခင်သက်တစ်ယောက် ကြောက်လွန်းလို့ တစ်ကိုယ်လုံး တုန်ယင်နေချေပြီ။

မီးစုန်းကြီးက ဓားမထိပ်ကို အားစိုက်မိလိုက်တဲ့အခါ နာကျင်မှုကြောင့် သူမ 'အား'ခနဲ အော်ဟစ်လိုက်မိတယ်။

ဒီအချိန်မှာပဲ ...

"ကျုပ်မိန်းမကို မထိနဲ့၊

ရပ်လိုက်စမ်း"

ဆိုတဲ့ အသံကြီးကို သူတို့အားလုံး ကြားလိုက်ရတယ်။

ကိုကြည်သိန်းတစ်ယောက် ပုံးနှစ်ပုံးကို ဆွဲရင်း ကြောင်လိမ်လှေကားထစ်အတိုင်း တစ်ရှိန်ထိုး ပြေးဆင်းလာတယ်။

အောက်လမ်းဆရာကြီးဦးမှိုင်း မျက်မှောင်ကြုတ်သွားသလို ဝဏ္ဏမြိုင်နဲ့တပည့်တွေလည်း မျက်နှာ ကွက်ခနဲပျက်သွားတယ်။

မီးစုန်းမကြီးတွေဟာ အသံကြောင့် ကြောင်အမ်းသွားကြသလို မခင်သက်ကို ရင်ခွဲဖို့ကြိုးစားတဲ့ မိန်းမကြီးလည်း ဆတ်ခနဲ လက်တွန့်သွားရတယ်။

ကိုကြည်သိန်းဟာ ငြိမ်သက်နေတဲ့ အခွင့်အရေးကို လက်လွှတ်မခံဘဲ မခင်သက်ရှိရာ တစ်ရှိန်ထိုးပြေးသွားတယ်။

မခင်သက်ကတော့ သူမ သေပြီလို့ ယူဆထားတဲ့ ယောကျ်ားဖြစ်သူကို ရုတ်တရက် ပြန်တွေ့ရတဲ့အတွက် အသက်ရှူမတတ် အံ့အားသင့်သွားတယ်။

ကိုကြည်သိန်းက ဓားမကိုင်ထားတဲ့ မိန်းမကြီးရဲ့ကျောကို ခြေနဲ့ အားကုန်ဆောင့်ကန်လိုက်တယ်။

မီးစုန်းမကြီး ဟန်ချက်ပျက်သွားပြီး ဓားလွှတ်ကျသွားတယ်။

ဝဏ္ဏမြိုင်တစ်ယောက် အခြေအနေကို ရိပ်စားမိသွားတယ်။

"ဟေ့ ... ယက္ခ၊ ကုမ္ဘာဏ် ...

ဒီကောင့်ကို ဖမ်းကြစမ်း၊

သောက်သုံးမကျတဲ့ ကောင်တွေ၊

အရင်တည်းက ငါ ရအောင်ရှာဖို့ ပြောခဲ့တာ၊

www.burmeseclassic.com


တောက်”

ယက္ခနဲ့ကုမ္ဘာဏ်ဟာ ကိုကြည်သိန်းရှိရာ ဒေါသတကြီး လျှောက်လာတယ်။ ”

ကိုကြည်သိန်းက ဓားမကြီးကို ဆတ်ခနဲ ကောက်ယူလိုက်တယ်။

“သေချင်တဲ့လူ လာခဲ့စမ်း၊

ဒီည ခင်ဗျားတို့ လူ့တိရစ္ဆာန်အားလုံးကို

အမှုန့်ချေပစ်မယ်၊

အမျိုး, ဘာသာ, သာသနာကိုမှ မထောက်

ယုတ်ညံ့တဲ့အစီအရင်နဲ့ အဓိပ္ပာယ်မရှိတာတွေ

လုပ်တဲ့လူတွေ … သတ္တိရှိတဲ့လူ ရှေ့တိုးခဲ့စမ်း”

ကိုကြည်သိန်းရဲ့ ဓားမဝံ့ ကြိမ်းဝါးသံကြောင့် ယက္ခနဲ့ကုမ္ဘာဏ်ဟာ ဖြည်းဖြည်းချင်း ရှေ့တိုးလာတယ်။

“ဟေ့ တောသားကောင် …

မင်း ဘာစကားပြောတာလဲကွ၊

ဘာယုတ်ညံ့တဲ့ အစီအရင်လဲ

ငါ သိပ်ချစ်တဲ့ ငါ့အဖေကို အသက်သွင်းဖို့ကွ၊

အသင်သွင်းဖို့၊

ဒီနေ့ကိုရောက်ဖို့ နှစ်တွေအများကြီး

ငါ စောင့်ခဲ့ရတယ်၊

ငါ့အဖေရဲ့ အသက်သွင်းပွဲကို ဝင်ဖျက်တဲ့ကောင်၊

မင်း ဒီနေရာက အသက်ရှင်လျက် ပြန်ရမယ်မထင်နဲ့၊

ဆရာမှိုင်း … ခင်ဗျားကြီး ဘာလုပ်နေလဲ၊

ကျုပ်တို့ အထွတ်အမြတ်ထားတဲ့ပွဲကို

ဘာမဟုတ်တဲ့ တောသားက ဝင်နှောင့်နေပြီ၊

ခင်ဗျားကြီးရဲ့ မီးစုန်းတွေကို အမိန့်ပေးပြီး

အသက်နုတ်လိုက်စမ်းပါ၊

ကျုပ်အဖေ … ကျုပ်အဖေ အသက်ဝင်ဖို့

နောက်ကျနေပြီ … နောက်ကျနေပြီ”

ဝဏ္ဏမြိုင်ဟာ ဆောက်တည်ရာမဲ့ အမူအရာနဲ့ အရူးတစ်ယောက်လို အော်ဟစ်လိုက်တယ်။

အောက်လမ်းဆရာကြီးဦးမှိုင်းက အခြေအနေကို ရိပ်စား

www.burmeseclassic.com

www.burmeseclassic.com



မိတ်တဲ့အလျှောက် သက်ပြင်းချလိုက်ရင်း ...

"မီးစုန်းကိုနိုင်တဲ့ လျှို့ဝှက်ချက်ဟာ ...

မီးပဲ မောင်ဝဏ္ဏမြိုင်၊

အခြေအနေကို ချင့်ချိန်ပြီး ထိန်းလိုက်ပါ၊

ဒါဟာ အားလုံးအတွက် အကောင်းဆုံး

ဖြစ်လိမ့်မယ်ကွဲ့"

လို့ ပြောလိုက်တယ်။

ဒီအခါမှာ ဝဏ္ဏမြိုင်ရဲ့ ဒေါသအဟုန်က ဆရာမှိုင်းဆီ

ရောက်သွားတော့တယ်။

❒❒❒

# အပိုင်း (၂၂)

www.burmeseclassic.com

www.burmeseclassic.com

" ဘာလဲ . . . ခင်ဗျားကြီး ရူးသွားပြီလား၊

ကျုပ်ရော ခင်ဗျားရော အဖေ့ကို အသက်သွင်းဖို့

ဘယ်လောက်ကြိုးစားခဲ့ကြသလဲ၊

ဒီအချိန်မှာ ကျုပ် ဘာမှမသိဘူးဗျ၊

ကျုပ်အဖေ အသက်ပြန်ရှင်တာပဲ လိုချင်တယ်၊



ခင်ဗျားကြီး သွေးကြောင်နေပြီပေါ့၊

ရတယ် ... ကျုပ် ဒီကောင့်ကို အပြတ်ရှင်းမယ်"

ဝဏ္ဏမြိုင်ဟာ ဆရာမှိုင်းကို မကျေမနပ် အော်ဟစ်ပြီးတဲ့အခါ ကိုကြည်သိန်းရှိရာ ဒေါသတကြီး လျှောက်လာတယ်။

ကိုကြည်သိန်းတစ်ယောက် ဓားမကြီးကို ကျစ်နေအောင်ဆုပ်ကိုင်ရင်း ဝဏ္ဏမြိုင်ကို စူးစိုက်ကြည့်လိုက်တယ်။

ဝဏ္ဏမြိုင်က ၎င်းတို့ရှိရာ လျှောက်လာရင်း ကိုကြည်သိန်းရဲ့မျက်နှာကို ဒေါသတကြီး စူးစိုက်ကြည့်နေတယ်။

ဒီအချိန်မှာပဲ ဝဏ္ဏမြိုင်ရဲ့လက်ဟာ ဖျတ်ခနဲ လှုပ်ရှားသွားပြီး ကုတ်အင်္ကျီရှည်အောက်က သေနတ်ကို နှိုက်ဖို့ ကြိုးစားလိုက်တယ်။

ဒါကို စက္ကန့်ပိုင်းအတွင်း ရိပ်စားမိလိုက်တဲ့ ကိုကြည်သိန်းက တိုင်မှာချည်ထားတဲ့ ကြိုးထုံးကို ဓားမကြီးနဲ့ အားကုန်ခုတ်ချလိုက်တယ်။

ပြီးတော့ ... ရေနံဆီပုံးနှစ်ပုံးကို ကျောက်သလားကြီးရှိရာ လှမ်းပစ်လိုက်ရင်း ...

www.burmeseclassic.com

www.burmeseclassic.com

“ခင်သက် ... ခင်သက် ... ပြေး ... ပြေး”

လို့ အော်ဟစ်ပြီး မိန်းမဖြစ်သူကို ဆောင့်ဆွဲခေါ်လိုက်တယ်။

မြန်ဆန်လွန်းတဲ့ အပြောင်းအလဲကြောင့် အောက်လမ်းဆရာကြီးတို့နဲ့ ဝဏ္ဏမြိုင်တို့လူစုဟာ မှင်တက်သွားကြတယ်။

“ဟာ ... မီး ... မီးတွေ၊

အဖေ ... အဖေ ... ကျုပ်အဖေ”

ဝဏ္ဏမြိုင်ရဲ့ သွေးရူးသွေးတန်းရေရွတ်သံနဲ့အတူ အောက်လမ်းဆရာကြီးဦးမှိုင်းနဲ့ တပည့်နှစ်ယောက်ဟာ ဝရုန်းသုန်းကားဖြစ်သွားကုန်တယ်။

ကိုကြည်သိန်းဟာ မိန်းမဖြစ်သူရဲ့လက်ကို ဆောင့်ဆွဲရင်း ကြောင်လိမ်လှေကားပေါ်ကို တစ်ရှိန်ထိုး ပြေးတက်လိုက်တယ်။

ရေနံဆီတွေဟာ ကျောက်တလားနဲ့ လေးဖက်လေးတန် ထွန်းညှိထားတဲ့ မီးတိုင်ကတစ်ဆင့် ဟုန်းဟုန်းတောက်လောင်နေချေပြီ။



အောက်လမ်းဆရာကြီးတို့လူစုဟာ ဆောက်တည်ရာမဲ့စွာ လွတ်လမ်းရှာနေကြတယ်။

ဝဏ္ဏမြိုင်က မီးဟုန်းဟုန်းတောက်နေတဲ့ မီးတောက်ကြီးထဲ လွှားခနဲ ခုန်ဝင်လိုက်ရင်း ...

“အဖေ ... အဖေ

သား အဖေ့ကို ရအောင်ကယ်မယ် အဖေ၊

အဖေ ... အဖေ”

လို့ အသံနက်ကြီးနဲ့ အော်ဟစ်လိုကတယ်။

ကိုကြည်သိန်းတို့ အိမ်မည်းကြီးရဲ့ တံခါးဝကိုရောက်တာနဲ့ ‘အုန်း’ ခနဲ ပေါက်ကွဲသံကြီး ထွက်လာတယ်။

အသံနဲ့ မရှေးမနှောင်းမှာပဲ ‘ဟုန်း’ခနဲ တက်လာတဲ့ မီးညွန့်ကြီးဟာ အိမ်မည်းကြီးတစ်ခုလုံး ပျံ့နှံ့သွားတယ်။

တံခါးဝရောက်နေတဲ့ ကိုကြည်သိန်းဟာ မခင်သက်ကို အားကုန်ဆောင့်တွန်းလိုက်တယ်။

‘ဝုန်းခနဲ ... အုန်းခနဲ ... ဖောင်းခနဲ’

အသံတွေနဲ့အတူ အိမ်မည်းကြီးတစ်ခုလုံး အစိတ်စိတ်

www.burmeseclassic.com

www.burmeseclassic.com

အမြှာမြှာ ပေါက်ကွဲလွင့်စဉ်သွားတယ်။

ကိုကြည်သိန်းဟာ မိန်းမဖြစ်သူကို ဖက်ရင်း ပျဉ်းမပင်ကြီးရဲ့အနောက်မှာ ဖပ်နေမိတယ်။

"အဟင့် ... ဟင့် ... ဟင့်

ကျုပ် ... ကျုပ် ကြောက်လိုက်တာ

ကိုကြည်သိန်းရယ်၊

ရှင့် ... ရှင့်ကို ကျုပ်က သေပြီထင်နေတာတော့်၊

ကျုပ်တို့လင်မယား အတော့်ကို ကံကြီးလို့

ပြန်တွေ့ကြရတာ၊

သူတို့ ကျုပ်ကို အခန်းတစ်ခုထဲမှာ ကြိုးတုပ်ပြီး

ပိတ်လှောင်ထားတာ၊

ကျုပ်ထွက်ပြေးဖို့ ကြိုးစားတယ်တော့်၊

ကျုပ်ကို မသေရုံတမယ် ရိုက်နှက်ကြတယ်၊

အဟင့် ... ဟင့် ... ဟင့် ... ဟင့်"

မခင်သက်ဟာ ယောကျာ်းဖြစ်သူရဲ့ရင်ခွင်ထဲ ဝမ်းပန်းတနည်းနဲ့ ရှိုက်ကြီးတငင် ငိုချလိုက်တယ်။



ကိုကြည်သိန်းက နှစ်သိမ့်ဟန်နဲ့ သူမကို တင်းကျပ်စွာ ဖက်ထားလိုက်မိတယ်။

တစ်ည ... အိမ်မည်းကြီးထဲက ကြားရတဲ့ ငိုညည်းသံဟာ မိန်းမဖြစ်သူရဲ့ ငိုသံဆိုတာ သူသိလိုက်ရတယ်။

ကိုကြည်သိန်းဟာ မျက်လုံးစုံမှိတ်လိုက်ရင်း မျက်ရည်ကျလာမိတယ်။

"ခုချိန်မှာ ... တို့လင်မယားနှစ်ယောက်လုံး

အိပ်မက်ဆိုးကြီးက လွတ်မြောက်ပြီလို့ မှတ်လိုက်ပါ၊

ဒီနေရာက လူတွေအကြောင်း၊ တို့ကြုံတွေ့ခဲ့တဲ့

အသက်သွင်းပွဲတို့၊ မီးစုန်းတို့ဆိုတာတွေ အားလုံးကို

မေ့ပျောက်ပစ်ပြီး ... တို့တွေ သစ်ခုတ်တဲ့အလုပ်ကိုပဲ

အေးအေးချမ်းချမ်း ပြန်လုပ်ကြမယ် ... နော် မိန်းမ"

မခင်သက်က ငိုရှိုက်နေရာက ခေါင်းခါယမ်းလိုက်ရင်း

"တော်ပြောတာတော့ လွယ်လွယ်လေးပဲ

ကိုကြည်သိန်းရဲ့၊

ကျုပ် ... ကျုပ်တို့ရဲ့ ရင်သွေးလေးကို

www.burmeseclassic.com

www.burmeseclassic.com

ကျုပ်တို့ မကောင်းဆိုးဝါးတွေရဲ့လက်မှာ

ဆုံးရှုံးခဲ့ရပြီးပြီတော့၊ ကျုပ် ... ဒီအဖြစ်ဆိုးကို

ဘယ်လိုများ မေ့ရပါ့မလဲတော်၊

ဟင့် ... ဟင့် ... ဟင့်"

လို့ ကြေကွဲဆို့နင့်စွာ ရေရွတ်လိုက်တယ်။

ကိုကြည်သိန်းကိုယ်တိုင် ထိုစကားကြောင့် ရင်ထဲ တဆစ်ဆစ် နာကျင်သွားရတယ်။

ဒီအချိန်မှာပဲ သူတို့လင်မယားရှေ့ကို အရိပ်ကြီးတစ်ခု အုပ်မိုးသလို ခံစားလိုက်ရတယ်။

ဒါ့ကြောင့် ... လင်မယားနှစ်ယောက်လုံး ထိတ်လန့်တကြီး မော့ကြည့်လိုက်မိတယ်။

❒❒❒

# အပိုင်း (၂၃)

www.burmeseclassic.com

www.burmeseclassic.com

“ဟင် . . . ခင်ဗျား ... ခင်ဗျား”

ကိုကြည်သိန်းဟာ ထိုင်ရာက ဆတ်ခနဲ ထရပ်လိုက်ရင်း အထိတ်တလန့် ရေရွတ်လိုက်တယ်။

အရိပ်ကြီးက သူတို့ရှိရာ တရွေ့ရွေ့လျှောက်လှမ်းလာတယ်။



သူတို့နားရောက်တဲ့အခါ ရပ်တုံ့သွားတယ်။

လရောင်ရဲ့အရိပ်အောက် ထိုသူကို သူတို့ သဲကွဲစွာမြင်လိုက်ရတယ်။

“ကျုပ်ကို ကြောက်စရာမလိုပါဘူး၊
ကျုပ်နာမည် ဒေါ်အိုစာပါ”

အရိုးဆံထိုးနဲ့ အဘွားကြီးရဲ့မျက်နှာကို စေ့စေ့ကြည့်မိရင်း ...

“ခင်ဗျားက ... ကျုပ်တို့အိမ်မည်းကြီးကို
ရောက်စက အခန်းထဲမှာ တွေ့ခဲ့တဲ့သူ
မဟုတ်လား”

လို့ ကိုကြည်သိန်းက မေးလိုက်တယ်။

အဘွားကြီးက သူတို့မျက်နှာကို ငေးမောကြည့်ပြီး ...

“ဟုတ်ပါတယ် လူလေး၊
ကျုပ်က ဟောဒီ အိမ်ကြီးရဲ့သခင်
ဦးလာဘလက်ထက်ကတည်းက ဒီနေရာမှာ
ရှိခဲ့တဲ့ လူတစ်ယောက်ပါ၊

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ မောင်ဝဏ္ဏမြိုင်ရဲ့ဘဝဟာ
သိပ်ကို သနားစရာကောင်းခဲ့ပါတယ်၊
သခင်ကြီးဦးလာဘဟာ သူနဲ့
အသက်နှစ်ဆယ်လောက်ကွာတဲ့
မိန်းမငယ်လေးတစ်ယောက်ကို လက်ထပ်ခဲ့ချိန်ကစပြီး
ဒီအိမ်ကြီးမှာ ဂြိုဟ်ဆိုးမွှေခဲ့တော့တာပါပဲ၊
သူမဟာ သခင်ကြီးကို ချစ်ခင်မှုမရှိဘဲ
စည်းစိမ်ဥစ္စာမက်မောစိတ်ကြောင့် လက်ထပ်ခဲ့တယ်၊
ဝဏ္ဏမြိုင်လေး ဆယ့်လေးနှစ်သားလောက်မှာတော့
သူမ အောက်လမ်းဆရာပေါက်စတစ်ယောက်နဲ့
ဖောက်ပြန်ခဲ့တယ်၊
အောက်လမ်းဆရာဟာ သခင်ကြီးကို ပူးမော်သွင်းပြီး
သေအောင်ကြံစည်ခဲ့တယ်။
ဒါကို အစအဆုံး မြင်တွေ့ခဲ့တဲ့ ဝဏ္ဏမြိုင်က
သူ့မိခင်ကို စိတ်နာကြည်းခဲ့သလို
ဖခင်ကို ချစ်သူပီပီ ဖအေသေဆုံးတာကို ဘယ်လိုမှ



သူ လက်မခံဘူး၊ တကယ်တော့ ဝဏ္ဏမြိုင်ကိုယ်တိုင်
ခေတ်ပညာတတ် ဆရာဝန်တစ်ယောက်ပါ၊
သူ့စိတ်မှာ ရှိခဲ့တဲ့ စိတ်ဒဏ်ရာ အနာတရတွေကြောင့်
သူဟာ ယဉ်ယဉ်လေးနဲ့ စိတ်ဝေဒနာ ခံစားနေရရှာသူ
တစ်ယောက်ပါ၊
ဦးမှိုင်းဆိုတာက ဦးလာဘရဲ့ တပည့်ရင်း လူယုံ၊
ဝဏ္ဏမြိုင်ကိုလည်း သိပ်ချစ်သလို
ဝဏ္ဏမြိုင်ရဲ့ဆန္ဒကို ဖြည့်ဆည်းဖို့
ဦးမှိုင်းဟာ အောက်လမ်းပညာရပ်ကို လိုက်စားခဲ့တယ်၊
သခင်ကြီးကို ပူးသွင်းသတ်ခဲ့တဲ့
အောက်လမ်းဆရာကိုလည်း
ဝဏ္ဏမြိုင်အတွက် လက်တုံ့ပြန်ခဲ့တယ်၊
ဒီည လပြည့်ညဟာ သူတို့ပညာရပ်နဲ့ ပတ်သက်ပြီး
နက္ခတ်ကောင်းတဲ့အတွက် ကြံသမျှပြီးတဲ့အတွက်
ဦးမှိုင်းဟာ ဒီညမှာ ဝဏ္ဏမြိုင်ရဲ့ဆန္ဒကို
ဖြည့်ဆည်းပေးဖို့ ဆုံးဖြတ်ခဲ့တယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် သခင်ကြီးရဲ့အသက်သွင်းပွဲကို

အထမြောက်ဖို့ သူတို့ နှစ်ပေါင်းများစွာ

ကြိုးစားခဲ့ကြတာ ဖြစ်တယ်၊

ဝဏ္ဏမြိုင်ကိုယ်တိုင်လည်း ဒီနေ့အထိ

အသက်ရှင်နေတာ သူ့ဖအေကို

အသက်ပြန်သွင်းနိုင်ဖို့ပါပဲ၊

တကယ်တော့ လူလေးတို့ရဲ့ ရင်သွေးလေးဟာ

မသေဆုံးခဲ့ပါဘူး၊ ကျုပ်ရဲ့ စောင့်ရှောက်မှုကြောင့်

ဒီနေ့ဒီအချိန်ထိ အသက်ရှင်နေခဲ့ပါတယ်၊

ကလေးကို ကျုပ် ဟိုဘက်ကရွာမှာ သွားဖွက်ထားပြီး

တိရစ္ဆာန်သွေးကိုပဲ အစားထိုးပေးခဲ့တာဖြစ်တယ်၊

ဒီလောက်ဆို မောင်ရင်တို့ အရာအားလုံးကို

နားလည်ပြီလို့ ကျုပ် ယူဆတယ်၊

မကောင်းမှုတွေလည်း တန်ပြန်တဲ့ သက်ရောက်မှုကို

ခံကြရပြီ၊ ဒီတော့ ...

မောင်ရင်တို့မိသားစု အိမ်မည်းကြီးနဲ့မီးစုန်းညကို





မေ့ပစ်ပြီး ပျော်ရွှင်တဲ့ဘဝကို ဖြတ်သန်းကြပါတော့"

လို့ ရှည်လျားစွာ ရှင်းလင်းပြတယ်။

ဒေါ်အိုစာရဲ့အပြောကြောင့် ကိုကြည်သိန်းတို့လင်မယား အကြီးအကျယ် စိတ်လှုပ်ရှားသွားမိတယ်။

"ဟင် ... ကျုပ်တို့ ရင်သွေးလေး မသေဘူးတော်၊

ကျုပ်ကလေးနဲ့ တွေ့ချင်လိုက်တာ၊

ကလေး ... ကလေး ဘယ်မှာလဲ"

မခင်သက်ဟာ မျက်ရည်စတွေကို လက်နဲ့သုတ်ရင်း အလျင်အမြန် မေးလိုက်တယ်။

ဒေါ်အိုစာက သူမ ခြုံလွှမ်းထားတဲ့ ခြုံစောင်ကို ဆွဲခွာလိုက်တယ်။

ဒေါ်အိုစာရဲ့လက်မှာတော့ ပုဆိုးပိုင်းစနဲ့ ထွေးပွေ့ထားတဲ့ နီတာရဲ့ကလေးငယ်လေး။

မခင်သက်က ကလေးကို လက်ပြောင်းယူလိုက်ရင်း အငမ်းမရ နမ်းရှိုက်လိုက်တယ်။

ကိုကြည်သိန်းဟာ မိန်းမနဲ့ ကလေးငယ်ကိုကြည့်ရင်း

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာမျက်ရည်တွေ ဆို့တက်လာမိတယ်။

ဒေါ်အိုစာကတော့ မီးကြွင်းမီးကျန်တွေသာ ရှိတော့တဲ့ မီးလောင်ပြင်ကြီးကို ငေးကြည့်ရင်း သက်ပြင်းရှိုက်လိုက်မိတယ်။

ပြီးတော့ မီးလောင်ပြင်နဲ့အတူ ရိုးသားပြီး အောက်လမ်းဆရာတွေရဲ့လက်မှာ အသုံးချခံဖြစ်ခဲ့ရရှာတဲ့ မိသားစုလေးကို ကျောခိုင်းလိုက်တော့တယ်။

BURMESE CLASSIC .com

❐ ❐ ❐

"မီးစုန်း"

မအိုစာ

www.burmeseclassic.com